မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ သောကြာနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၀၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်က ဖန်တီးပေးထားသည့် မူလတန်းလွန်ကျောင်း၊ တွဲဖက်ကျောင်းနှင့် ကျောင်းခွဲများသည် ကျေးလက်နေကျောင်းသားလူငယ်များ ပညာသင်ယူနိုင်ရန် အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေ

ကျောင်းသူကျောင်းသားများ ဆင်ခြင်တွေးတောချိန်ဆတတ်သည့် အသိဉာဏ်၊ တွေးခေါ်မြော်မြင်နိုင်သည့် စွမ်းအားများနှင့် ပြည့်စုံစေရအောင် လေ့ကျင့်ပျိုးထောင်ပေးရင်း လူငယ်များ၏ စွမ်းအားကိုမြှင့်တင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ငါးဘာသာဂုဏ်ထူးရရှိသည့် ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မရတနာပြည့်အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၉

တနင်္သာရီတိုင်း ထားဝယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၇ ရက် မွန်းလွဲ ၂ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ထားဝယ်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားပြီး ပညာရည်ချွန်ဆု ရရှိကြသူများအား ဆုများချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ထားဝယ်တပ်နယ်မှ ဗိုလ်မှူးကြီးသန်းစိုး၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပညာရည်ချွန်ဆုရရှိကြသူများ တက်ရောက်ကြသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းဝင်းက နယ်မြေဒေသ ဖွံ့ဖြိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း ကမ္ဘာတစ်လွှား အားကစားအညွန်း

ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ် ရာသီအကုန်၌ ဖလားကြီးများ ဆွတ်ခူးရန်ရည်ရွယ်

အေစီမီလန်ကို စီးရီးအေဖလား ရယူနိုင်အောင် ကာကာ စွမ်းဆောင်နိုင်ပါ့မလား။

ကမ္ဘာတစ်လွှားအားကစား (စာ-၁၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	**စီးပွားရေး ဦးတည်ချက်(၄)ရပ်**	**လူမှုရေး ဦးတည်ချက်(၄)ရပ်**
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၀ ရက်)

စိုက်ပျိုးရေး ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး လယ်ယာသုံး စက်ကိရိယာများ ပိုမိုသုံးစွဲပေး

နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် ဖြည့်ဆည်းပေးလျက်ရှိသည်။

ထိုသို့ ကူးပြောင်းလုပ်ကိုင်ရာတွင် အဓိကလိုအပ်ချက်မှာ တောင်သူလယ်သမားများအတွက် လယ်ယာလုပ်ငန်းခွင်၌ အသုံးပြုရမည့် စက်ကိရိယာများပင်ဖြစ်သည်။

လယ်ယာ(၁၆) လက်တွန်းထွန်စက်များ၊ လယ်ယာ(၂၂) လက်တွန်းထွန်စက်များ၊ ပါဝါမြင့် လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်နှင့် အခြောက်ခံကိရိယာများ၊ ခေတ်မီ ဆန်စပါးကြိတ်ခွဲစက်များ၊ ခြေနင်းရေတင်စက်နှင့် အနိမ့်တင်၊ အမြင့်တင် ရေတင်စက်များ၊ အခြားလယ်ယာသုံး စက်ကိရိယာများကို စက်မှုလယ်ယာဦးစီးဌာနနှင့် စက်မှုဇုန်အချို့မှ ထုတ်လုပ်လျက်ရှိသည်။

တောင်သူများအနေဖြင့် အဆိုပါလယ်ယာသုံးထွန်စက်များကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အရစ်ကျငွေပေးချေ ဝယ်ယူနိုင်ပြီး စက်ကိရိယာများကို ဝယ်ယူသုံးစွဲလာနိုင်သည်နှင့်အမျှ သီးနှံစိုက်ဧကများ ယခင်ကထက် လျင်မြန်စွာ ထွန်ယက်စိုက်ပျိုး လုပ်ကိုင်နိုင်မည့်အပြင် စပါးသီးနှံအပါအဝင် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ လျာထားသတ်မှတ်ထားသည့် အတိုင်း တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးရန်ခက်ခဲသော မြေလွတ်မြေရိုင်းများတွင်လည်း လယ်ထွန်စက်များ အသုံးပြု ထွန်ယက်စိုက်ပျိုးနိုင်မည်ဖြစ်၍ စိုက်ဧကနှင့် သီးနှံစိုက်စွမ်းအားများလည်း တိုးပွားလာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေး တွန်းအားပေး ဆောင်ရွက်နေချိန်တွင် တောင်သူဦးကြီးများသည် လယ်ယာသုံးစက်ကိရိယာများ ပိုမိုသုံးစွဲလာခြင်းဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက် ထုတ်လုပ်လာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဗဟိုလမ်း အမှတ် ၁၃၄ နေ ဦးသိန်းဝင်း၊ ဦးအေးသောင်၊ ဦးနေအောင်တို့က ငွေကျပ်နှစ်သိန်းကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးကိုက ဂုဏ်ပြုမှတ်တမ်းလွှာကို အလှူရှင်အား ပေးအပ်သည်။ **(အောက်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆ နှင့် ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သံဝေဇနီယ လေးဌာနရှိရာ အိန္ဒိယနှင့်နီပေါနိုင်ငံများ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၉

သာသနာရေးဝန်ကြီးဌာန၏ သံဝေဇနီယလေးဌာန တည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံများသို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်**(အောက်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၀-၈-၂၀၀၇ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ယုံကြည်မှုနဲ့သွားရမယ် တရားတော် (အပိုင်း-၂) [အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့)ဆရာတော်]
၇း၅၅	ပြုံးပန်းဝေစီ မေတ္တာဝါဒီ
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	Myanmar Video Rhythm
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	ခြံတွင်းဥယျာဉ်စိုက်ပျိုးမှုအနုပညာ
၉း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀	ကျွန်းသင်းသတ်ခြင်းလုပ်ငန်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	အဏ္ဏဝါ၏ သားကောင်းများ
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	ယနေ့ သိပ္ပံနှင့်နည်းပညာ
၁၀း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅	အရသာတစ်မူထူးခြား ကိုရီးယားအစားအစာများ
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	ဆီးချိုသွေးချိုရောဂါဆိုင်ရာ ဆွေးနွေးမေးမြန်းခန်း (ဒုတိယပိုင်း) (ပါမောက္ခ ဒေါက်တာ တင့်ဆွေလတ်)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	Fashion Guide (Revlon)
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	အင်တာနက်လှိုင်းစီးရင်း အောင်မြင်မှုလှေကိုလှော်ကြမည်
၁၂း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀	Celebrity Style (သူထူးစံနှင့် တွေ့ဆုံခြင်း)
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီ မှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီ မှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီ ရုပ်မြင်သံကြား

၁၀-၈-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၃၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၅	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၂။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၉)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း-၁၅)

ဩဂုတ် ၉ ရက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးက ကြီးမှူးကျင်းပသော စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

နိုင်ငံတော် အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံ၌ နိုင်ငံတကာနှင့် ယှဉ်တွဲပြီး ဖွံ့ဖြိုးတိုးတက်စေရအောင် ဆရာဆရာမများ အပါအဝင် ပြည်သူများ၏စွမ်းအားများနှင့် အောင်အောင်မြင်မြင် တည်ဆောက်ပေးလျက်ရှိနေသည်ကို အားလုံး အသိပင် ဖြစ်ကြောင်း၊ ရရှိဖြစ်ထွန်းလာနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ အောင်မြင်ဖြစ်ထွန်းမှု အခွင့်အလမ်းကောင်းများကို အမျိုးသား ပညာရည်မြင့်မားမှု စွမ်းအားများနှင့် ပေါင်းစပ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု ရရှိနေပြီဖြစ်ကြောင်း။

မျှော်မှန်းချမှတ်

ထိုအမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းသည် ရှေ့နှစ် ၃၀ ကို မျှော်မှန်းချက် ချမှတ်ထားသည်နှင့်အညီ ကာလတိုငါးနှစ်စီမံကိန်းများနှင့် နှစ်စဉ်လုပ်ငန်းစီမံချက်များ ပိုင်းခြားပြီး လုပ်ငန်းများကို နှစ်စဉ်နှစ်တိုင်း ပြန်လည်သုံးသပ်၊ ဆွေးနွေးဆုံးဖြတ် ချမှတ်ဆောင်ရွက်နေခြင်း ဖြစ်သည့်အတွက် အကောင်အထည်ဖော်မှု အပိုင်းတွင် လက်တွေ့ကျရန်နှင့် အခြေခံအဆင့်တွင် အဆင်ပြေချောမွေ့ အောင်မြင်ရန် အရေးကြီးကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့ နိုင်ငံတော်က ဖန်တီးပေးထားသည့် မူလတန်းလွန်ကျောင်း၊ တွဲဖက်ကျောင်း၊ ကျောင်းခွဲဆိုသည်များသည် ကျေးလက်နေ ကျောင်းသူကျောင်းသားများ လွယ်လင့်တကူ ဆက်လက် ပညာသင်ယူနိုင်စေရေး၊ တန်းစဉ်တက် ကူးပြောင်းသင်ယူမှုနှုန်း မြင့်မားလာစေရေး၊ အထူးသဖြင့် ကျေးလက်နေ ကျောင်းသူ ကျောင်းသားများအတွက် ပညာသင်ယူနိုင်ရန် အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန်၊ ကျေးလက် ပညာရည်မြင့်မားရေးကို ထိထိရောက်ရောက် အထောက်အကူဖြစ်စေရန် ဆောင်ရွက်ပေးထားခြင်း ဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှုနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များသည် ကျေးလက်ဒေသများတွင် လူနေမှုအဆင့်အတန်းနိမ့်ကျမှုများ၊ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုများ၊ ခေတ်နောက်ကျကျန်နေမှုများလျော့ပါးပြီး ပြည်သူများ လူတန်းစေ့ နေထိုင်နိုင်စေရန်ဆိုသည့် မြင့်မားသော ရည်မှန်းချက်များနှင့် ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်းကို အသိပေး ပြောကြားလိုကြောင်း။

စာသင်ကျောင်းများက စာသင်ပြီး ကျောင်းသူ ကျောင်းသားကလေးငယ်များကို ကျောင်းစည်းကမ်း၊ လူ့စည်းကမ်း၊ လူ့ကျင့်ဝတ်နှင့် နောက်ဆုံး နိုင်ငံ၏ စည်းကမ်းဖြစ်သည့် တရားဥပဒေကို လေးစားလိုက်နာ ကျင့်ကြံနေထိုင်တတ်သည့် အလေ့အထ ပြုစုပျိုးထောင်ပေးလိုက်နိုင်မည်ဆိုလျှင်နိုင်ငံသူ နိုင်ငံသားတိုင်းသည် တရားဥပဒေကို လေးစားလိုက်နာကြသည့် အစဉ်အလာကောင်းများ ဖြစ်ထွန်းလာပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးဆိုသည့် နိုင်ငံတော်၏ ဦးတည်ချက်တစ်ရပ်သည် အောင်မြင်ဖြစ်ထွန်းလာမည် ဖြစ်ကြောင်း။

အမျိုးသားရေးအမြင်

လူငယ်လူရွယ်တိုင်းတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၊မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးတတ်သည့် စိတ်ဓာတ် အခြေခံရှိမှသာ အမျိုးသားရေးအမြင် အစဉ်ထာဝရ ရှင်သန်ထက်မြက်နေမည် ဖြစ်ကြောင်း၊ မိမိတို့ တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း ချစ်ခင်စည်းလုံးသည့် စိတ်ဓာတ် ထက်မြက်နေမှသာ ပြည်ထောင်စုစိတ်ဓာတ် အမြဲထာဝရ ထက်မြက်ရှင်သန်နေမည် ဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် သတင်းနှင့် ဆက်သွယ်ရေး နည်းပညာများ တိုးတက် ပြောင်းလဲမှုနှင့် ယှဉ်တွဲပြီး တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ် ပြောင်းလဲနေသည့် အချိန်အခါမျိုးတွင် မီဒီယာအား၊ နည်းပညာအား အသာစီးရနေကြသည့်နိုင်ငံအချို့သည် သူတို့၏ အတွေးအမြင်၊ အယူအဆနှင့် လူနေမှုဓလေ့စရိုက်တို့ကို ကမ္ဘာ့နိုင်ငံအသီးသီး၌ စိမ့်ဝင်လွှမ်းမိုးနိုင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး၊ ယဉ်ကျေးမှုမျက်နှာစာများကနေပြီး လွှမ်းခြုံထိုးဖောက်လျက် ရှိနေကြကြောင်း။

လေ့ကျင့်ပျိုးထောင်

ဆရာ ဆရာမများ အားလုံးက မိမိတို့၏တပည့် ကျောင်းသူ ကျောင်းသားများကို ဆင်ခြင်တွေးတော ချိန်ဆတတ်သည့် အသိဉာဏ်၊ တွေးခေါ်မြော်မြင်နိုင်သည့် စွမ်းအားများနှင့် ပြည့်စုံစေရအောင် လေ့ကျင့်ပျိုးထောင်ပေးရင်း လူငယ်များ၏ စွမ်းအားကို မြှင့်တင်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တနင်္သာရီတိုင်း၏ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်မှု အခြေအနေကို လေ့လာကြည့်လျှင် အောင်ချက်ရာခိုင်နှုန်းသည် ၄၅ဒသမ ၁၀ ရာခိုင်နှုန်းရရှိခြင်းကြောင့် မြန်မာတစ်နိုင်ငံလုံး၏ အောင်ချက်ရာခိုင်နှုန်း ၂၇ ဒသမ ၁၇ ရာခိုင်နှုန်းထက် လည်းကောင်း၊ အမှတ်(၁) အခြေခံပညာ ဦးစီးဌာန၏ အောင်ချက်ရာခိုင်နှုန်း ၂၇ ဒသမ ၀၂ ရာခိုင်နှုန်းထက် လည်းကောင်း ကျော်လွန်သည်ကို တွေ့ရသည့်အတွက် အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း။

တိုးတက်လာ

တိုင်းနှင့်ပြည်နယ်များ၏အောင်ချက်ရာခိုင်နှုန်းများနှင့် နှိုင်းယှဉ်ကြည့်သည့်အခါ မွန်ပြည်နယ်က ၄၈ ဒသမ ၃၈ ရာခိုင်နှုန်းနှင့် ပထမရရှိပြီး တနင်္သာရီတိုင်းက ၄၅ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် ဒုတိယရရှိသည်ကို တွေ့ရကြောင်း၊ ယမန်နှစ်က ၂၈ ဒသမ ၉၆ ရာခိုင်နှုန်း ရရှိပြီး တစ်နိုင်ငံလုံး တတိယနေရာက နေပြီး၁၆ ဒသမ ၁၄ ရာခိုင်နှုန်း တိုးတက်လာပြီး ဒုတိယနေရာကို ရောက်ရှိလာသည့်အတွက် ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်မိကြောင်း။

ပိုပြီးဝမ်းမြောက်မိသည်မှာ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး မွေးဖွားပေးနိုင်ခဲ့ခြင်းပင် ဖြစ်ကြောင်း၊ အောင်မြင်သူများအနက် ငါးဘာသာဂုဏ်ထူးရသူ ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရသူ ၁၉ ဦး၊ သုံးဘာသာ ဂုဏ်ထူးရသူ ၅၆ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရသူ ၉၅ဦး၊ တစ်ဘာသာ ဂုဏ်ထူးရသူ ၄၀၁ ဦး စုစုပေါင်း ၅၇၈ ဦးရှိကြောင်း၊ ယမန်နှစ်ကထက် ဂုဏ်ထူးရသူပေါင်း ၁၃၀ တိုးလာကြောင်း သိရသည့်အတွက် များစွာ နှစ်ထောင်းအားရဖြစ်မိကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်ကို ယခုနှစ်ထက် နိမ့်ကျမသွားဘဲ ပိုမိုတိုးတက် ကောင်းမွန်အောင် ဆက်လက် ကြိုးပမ်းကြပါ၊ ခြောက်ဘာသာ ဂုဏ်ထူးရှင်များ တစ်ဦးမက ဆက်လက်ပေါ်ထွက်လာအောင် ကြိုးပမ်းကြပါ၊ နိုင်ငံတော်အဆင့် အရည်အချင်းမီသူများ ပါအောင်ကြိုးပမ်းကြပါ၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် တနင်္သာရီတိုင်းအနေဖြင့် ထိပ်တန်းက ပါဝင်သောတိုင်းအဖြစ် ရပ်တည်နိုင်အောင် အားလုံး တက်ညီလက်ညီ ကြိုးပမ်းကြဖို့ တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်ဦးက တနင်္သာရီတိုင်းအတွင်း အခြေခံပညာ ကျောင်းများ၏ ၂၀၀၇-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့ကြသည့် ဘာသာရပ်သင် ဆရာ ဆရာမများနှင့် တက္ကသိုလ်မှ ဆရာ ဆရာမများအား ဆုချီးမြှင့်ရာ ထားဝယ်၊ ရေဖြူ၊ လောင်းလုံနှင့် သရက်ချောင်းမြို့နယ်တို့မှ ဘာသာရပ်သင် ဆရာ ဆရာမများ အတွက်ဆုကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများက လည်းကောင်း၊ ပံ့ပိုးကူညီသည့် တက္ကသိုလ် ဆရာ ဆရာမများအတွက် ဆုကို ထားဝယ်တက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဦးကျော်ကျော်ဌေးက လည်းကောင်း လက်ခံကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ငါးဘာသာဂုဏ်ထူးရရှိကြသည့် ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်အောင်သူရိန်ထွန်းနှင့် မရတနာပြည့်တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်ဦးက ထူးချွန်စွာ အောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရရှိကြသူ ခုနစ်ဦး၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်စိုးက သုံးဘာသာဂုဏ်ထူး ရရှိကြသူ ရှစ်ဦးနှင့် လက်ထောက် တိုင်းပညာရေးမှူး(စီမံ)ဦးခင်အောင်က သုံးဘာသာ ဂုဏ်ထူးရရှိကြသူ ရှစ်ဦးတို့အား ဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ငွေကျပ် ရှစ်သိန်းတန်ဖိုးရှိ ခြင်ဆေးဖျန်းကိရိယာကို ပေးအပ်လှူဒါန်းရာ ထားဝယ်ခရိုင် ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူတို့က လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ မေတ္တာအခါတော်နေ့ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၉

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာတွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ သက်လွှတ်ပွဲနှင့် မေတ္တာပို့ရွတ်ဆိုပူဇော်ပွဲကို ဝါခေါင်လပြည့် (ဩဂုတ် ၂၈ရက်) အင်္ဂါနေ့ နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း ပါဝင်ဆင်နွှဲ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး)အတွက် ကချင်ပြည်နယ် ဗန်းမော်မြို့နေ ဦးနန္ဒဝံသ (မဂဓတက္ကသိုလ်၊ ဗုဒ္ဓဂယာ၊ အိန္ဒိယ) အား အမှူးထားပြီး ဆရာမကြီး ဒေါ်စိန်တင်အားရည်စူး၍ ဒေါ်မြင့်သိန်း၊ တူမ မစိုးစိုးထွန်းတို့က ကျောင်းအလှူတော်ငွေကျပ် သိန်း ၅၀ လှူဒါန်းရာ အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ဥက္ကဋ္ဌဆရာတော် ဦးနန္ဒဝံသက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၈-၂၀၀၇ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	ကြေးမုံရိပ်သွင်တေးနယ်ဥ
၈း၃၀	၈။	International News
၈း၄၅	၉။	English for Everyday Use

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Demonstration Exercises for Correct Pronunciation
၁၆း၄၅	၄။	အတီးပြိုင်ပွဲ
၁၆း၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၁၇း၁၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၁၇း၂၅	၇။	မြန်မာစာ မြန်မာစကား
၁၇း၃၅	၈။	**လေ့ကားသုံးထပ်ဆင်းတဲ့အခါ** အရိုင်း၊ မင်းသူ၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၁၇း၄၅	၉။	နှောင်းခေတ်တေးပဒေသာ
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဒုတိယအရွယ်၏ ချစ်မေတ္တာ** (အပိုင်း-၁၁)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး တဝဲလည်လည်** (အပိုင်း-၆)

The Live News ဂျာနယ် အမှတ် ၄၇ ဖြန့်ချီ

ရန်ကုန် ဩဂုတ် ၉

ရွှေပြည်စိုး စာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ် ၄၇ ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

သိပ္ပံပညာဖြင့် အိုမင်းခြင်းကို ကာကွယ်နေကြပြီ၊ ပြောင်းလဲလာတဲ့ အသံသွင်းစတူဒီယိုများ၊ ပင်လယ်ရေကြောင်း ငါးဖမ်းကိရိယာအသစ် Navis 800/800F ဖြန့်ချိတော့မည်၊ ကျေးဇူးဆပ်ချင်နေတဲ့ ကျော်ဟိန်း၊ အိန္ဒြာကျော်ဇင်က အချစ်ရေးနဲ့ ပတ်သက်ပြီး အေးဆေးပါပဲလို့ပြောကြား၊ နေရူးစာကြည့်တိုက်နှင့် ပါရဂူစာကြည့်တိုက်၊ မီးတောင်ကျွန်းက မပို့ဖြစ်သောစာများ၊ တည်နေရာကိုညွှန်ပြတဲ့ ဆိပ်ကမ်းသာလမ်း(Lewis Street)၊ တင့်တယ်နှင့် ပဒေသာများ၊ သိက္ခာရှိကြဖို့ လိုအပ်ပါသည်၊ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ လေးကွက်ကျားရွှေ့ကွက်များ၊ မြောက်ဝင်ရိုးစွန်းမှာ ရေနံရှာမည့်ရုရှား၊ နောက်ပြန်တိုးတက်နေသည့် အီရတ်၊ နွားနို့ဖြင့် အသက်ဆက်ခဲ့ရသည့် မြေအောက်၌ပိတ်မိခဲ့သော ကျောက်မီးသွေးမိုင်းလုပ်သားများ၊ တက္ကစီမင်းနှင့် အိမ်အပြန်ချစ်သူများ၊ ၂၀၀၇ခုနှစ် ဩဂုတ် ၁၁ ရက်မှ ဩဂုတ် ၁၇ ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာ ကံဇာတာ၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ပါရဂူ၊ ဆင်ဖြူကျွန်း အောင်သိန်း၊ မြင်းမူ မောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန် (ဆူးလေ)၊ ကျော်သူရ၊ မောင်နေလင်း၊ ရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀၊ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂ နှင့် ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အကြိုအခြေခံ မီးသတ်သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး၏ ညွှန်ကြားမှုဖြင့် လသာမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်သင်တန်းဖွင့်ပွဲကို ဩဂုတ်၇ရက်က လသာမြို့နယ် အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ် မီးဘေးကြိုတင် ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်း(**ဝဲပုံ**)၊ ကျောက်တံတား မီးသတ်ဇုန်နယ်မြေမှူး ဦးစီးအရာရှိ ရဲဗလမျိုးဝင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး မြို့နယ် အရန်မီးသတ်တပ်ရင်းမှူး ဒုတိယရဲမှူး သိန်းဦးတို့က အမှာစကား ပြောကြားကြသည်။

သင်တန်းသို့ သင်တန်းသား အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

လူမှုဘဝဖွံ့ဖြိုးဖို့ အာဆီယံတစ်ခွင်လုံး ကြိုးပမ်းစို့

၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ရက်နေ့က စတင်ဖွဲ့စည်းခဲ့သော အာဆီယံခေါ် အရှေ့တောင်အာရှနိုင်ငံများ အသင်းကြီးသည် ယခုနှစ် (၂၀၀၇ ခုနှစ်)တွင် နှစ်ပေါင်း ၄၀ကြာ သက်တမ်းကာလသို့တိုင် အခွန့်ရှည်ကြာ တည်တံ့ခိုင်မြဲခဲ့ပြီဖြစ်သည်။ စတင်ဖွဲ့စည်းစဉ်က အသင်းဝင်နိုင်ငံများမှာ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့ဖြစ်သည်။ ၁၉၈၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံသည်လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် ဗီယက်နမ် နိုင်ငံသည်လည်းကောင်း၊ ၁၉၉၇ခုနှစ်တွင် မြန်မာနှင့် လာအိုနိုင်ငံတို့ သည်လည်းကောင်း၊ ၁၉၉၉ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသည်လည်းကောင်း အဖွဲ့ဝင်နိုင်ငံများအဖြစ် ဆက်လက်ပါဝင်လာကြသည်။

စတင်ဖွဲ့စည်းစဉ်မှ ၃၂နှစ်တာကာလအတွင်း အရှေ့တောင်အာရှဒေသရှိ နိုင်ငံ၁၀ခုစလုံး ပါဝင်ကြသည်ဖြစ်၍ အာဆီယံနယ်မြေအကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၁ဒသမ၇သန်းကျော်တွင် မှီတင်းနေထိုင်ကြသည့် ပြည်သူသန်းပေါင်း၅၇၀ကျော်ကို ကိုယ်စားပြုသော အင်အားခိုင်မာတောင့်တင်းသည့် အဖွဲ့အစည်းကြီး ဖြစ်လာသည်။

အာဆီယံကို စတင်ဖွဲ့စည်းတည်ထောင်ချိန်က အဓိကရည်ရွယ်ချက် သုံးရပ်အနက် **"ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များမှတစ်ဆင့် ဒေသအတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု တိုးတက်ဖြစ်ပေါ်မှုကို မြှင့်တင်ရန်"**ဟူသော အချက်တစ်ချက် ပါဝင်သည်။ ASEAN VISION 2020 အရ ၂၀၂၀ပြည့်နှစ်တွင် အာဆီယံနိုင်ငံများသည် ဖွံ့ဖြိုးဆဲအခြေအနေမှ ဖွံ့ဖြိုးပြီးနိုင်ငံများအဖြစ်သို့ ရောက်ရှိရန် ရည်မှန်းထားသည်။

အာဆီယံအသင်းကြီးတွင် ၁၉၇၈ခုနှစ်ကတည်းက လူမှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကော်မတီ (COSD- Committee on Social Development) ကို ဖွဲ့စည်းပြီး အောက်ဖော်ပြပါလုပ်ငန်းစဉ် (၇)ရပ်ကို ၁၉၉၇ခုနှစ် (မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်ဖြစ်ချိန်)မှစ၍ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်-

(က) အာဆီယံလူငယ်ရေးရာဆပ်ကော်မတီ
(ASY- ASEAN Sub-Committee on Youth)

(ခ) အာဆီယံအမျိုးသမီးများ အစီအစဉ်
(AWP-ASEAN Women's Programme)

(ဂ) အာဆီယံကျန်းမာရေးနှင့်အာဟာရဆိုင်ရာ ဆပ်ကော်မတီ
(ASCH-ASEAN Sub-Committee on Health and Nutrition)

(ဃ) အာဆီယံပညာရေးဆိုင်ရာ ဆပ်ကော်မတီ
(ASCOE-ASEAN Sub-Committee on Education)

(င) အာဆီယံအလုပ်သမားရေးရာ ဆပ်ကော်မတီ
(ASCLA-ASEAN Sub-Committee on Labour Affairs)

(စ) အာဆီယံဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ပညာရှင်များအဖွဲ့
(ASGDM-ASEAN Experts Group on Disaster Management)

(ဆ) ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး
(ASEAN Task Force on AIDS)

မြန်မာနိုင်ငံသည် ၁၉၉၇ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။ အာဆီယံအတွင်း အခြားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ (Functional Co-operation) ရှိ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၁၅-၂-၁၉၉၈နေ့တွင် ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က အာဆီယံ COSD က ဆောင်ရွက်သည့် လုပ်ငန်းများတွင် ပညာရေးသုတေသန၊ ပညာရေးသင်တန်းနှင့် သုတေသန၊ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှု၊ လူငယ်ရေးရာ၊ အမျိုးသမီးရေးရာ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေး စသည့်လုပ်ငန်းများအပြင် ကလေးသူငယ်ဆိုင်ရာ၊ လူဦးရေဆိုင်ရာနှင့် လူမှုဝန်ထမ်းလုပ်ငန်းဆိုင်ရာများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

အာဆီယံ Functional Co-operation ရှိ လုပ်ငန်းများ ဆောင်ရွက်ရန် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် အာဆီယံ COSDကဲ့သို့ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် (၁) လူငယ်ရေးရာ အဖွဲ့ငယ်၊ (၂) အမျိုးသမီးရေးရာအဖွဲ့ငယ်၊ (၃) ကျန်းမာရေးနှင့်အာဟာရအဖွဲ့ငယ်၊ (၄)ပညာရေးအဖွဲ့ငယ်၊ (၅) အလုပ်သမားရေးရာအဖွဲ့ငယ်၊ (၆) ဘေးအန္တရာယ် စီမံခန့်ခွဲရေး ကျွမ်းကျင်သူအဖွဲ့ငယ်၊ (၇) အေအိုင်ဒီအက်စ် ကျွမ်းကျင်သူ အဖွဲ့ငယ်ဟူသော အဖွဲ့ငယ်ခုနစ်ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

စတုတ္ထအကြိမ် အာဆီယံလူမှုဝန်ထမ်း ဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၀၁ ခုနှစ် ဇူလိုင်လ ၃၀ရက်နေ့မှ ဩဂုတ်လ ၃ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးက လူမှုဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ကော်မတီ (COSD)ကို **"လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိများအစည်းအဝေး"**အဖြစ် လည်းကောင်း၊**"အာဆီယံ လူမှုဝန်ထမ်းဝန်ကြီးများ အစည်းအဝေး"** ကို **"အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး"** အဖြစ် လည်းကောင်း ပြင်ဆင်သတ်မှတ်ခဲ့သည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာလက ချမှတ်ခဲ့သည့် ဗီယန်ကျန်းလုပ်ငန်းအစီအစဉ်တွင် အာဆီယံယဉ်ကျေးမှု အသိုင်းအဝိုင်းတစ်ခုလည်း အပါအဝင်ဖြစ်သည်။ ၎င်းလုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမှာ **"လူမှုအဖွဲ့အစည်း ကာကွယ်စောင့်ရှောက်မှု အသိုင်းအဝိုင်းတည်ဆောက်ရေး"** ပင် ဖြစ်သည်။ ထိုမဟာဗျူဟာ အောက်၌ ဦးစားပေးလုပ်ငန်းအုပ်စုအဖြစ် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုး သမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် မိသားစုများကို အဓိကထား၍ သတ်မှတ်ထားသည်။

ကြည့်ထွင်း (လူမှုဝန်ထမ်း)

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ကြီး၏ မူဝါဒနှင့်ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်နိုင်ရန် အမျိုးသားရေး ဦးတည်ချက် (၁၂)ရပ် ချမှတ်၍ တစ်နိုင်ငံလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပေသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနသည် အာဆီယံကလေးသူငယ်ဆိုင်ရာ ကဏ္ဍ၊ အာဆီယံလူငယ်ဆိုင်ရာ ကဏ္ဍ၊ အာဆီယံ အမျိုးသမီးရေးရာ ကဏ္ဍ၊ အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတို့ကို အဓိကဆက်သွယ်ဆောင်ရွက်ရသော ဗဟိုချက်ဌာန (Focal Point) ဖြစ်သည်။ အမျိုးသားအဆင့် အဖွဲ့အစည်းများ ဖွဲ့စည်း၍ ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံ ဖြစ်သည်။ ၁၉၉၃ ခုနှစ် ကလေးသူငယ် ဥပဒေအရ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီများကို ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် အဆင့်ဆင့် ဖွဲ့စည်း၍ ကလေးသူငယ်များအတွက် အကောင်းဆုံး အကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိသည်။ အမျိုးသားကော်မတီအနေဖြင့် မိမိနိုင်ငံ၏ ဆောင်ရွက်ချက်၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ် အစီရင်ခံစာများကို ကုလသမဂ္ဂသို့ ပေးပို့အစီရင်ခံပြီး ဖြစ်သည်။ မကြာမီတွင် မြန်မာနိုင်ငံကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် အကောင်အထည်ဖော်မှု တတိယအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာကို ပေးပို့အစီရင်ခံဦးမည် ဖြစ်သည်။

မြန်မာနိုင်ငံကလေးသူငယ်များဆိုင်ရာ အမျိုးသားလုပ်ငန်း အစီအစဉ် (၂၀၀၆-၂၀၁၅)ကို ချမှတ်ရေးဆွဲပြီး ကျန်းမာရေးနှင့် အာဟာရကဏ္ဍ၊ ရေကောင်းရေသန့် ရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ကဏ္ဍ၊ ပညာရေးနှင့် ကလေးသူငယ် ဖွံ့ဖြိုးရေးကဏ္ဍနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ-ယူနီဆက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် ၂၀၀၁-၂၀၀၅တွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ကလေးသူငယ်များအပေါ် အလွဲသုံးခြင်း၊ လျစ်လျူရှုခြင်းနှင့် အမြတ်ထုတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်များ ထည့်သွင်းညှိနှိုင်းရေးဆွဲပြီး မြန်မာတစ်နိုင်ငံလုံးအနှံ့ အသိပညာပေးရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

လူမှုဝန်ထမ်း ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် သင်တန်းလက်စွဲစာစောင်များပြုစုပြီး လူမှုဝန်ထမ်းသမားများ၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး ပင်မအထောက်အကူပြုအဖွဲ့မှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော နယ်လှည့်အဖွဲ့ငယ်များ ဖွဲ့စည်းပြီး နည်းပြသင်တန်းများ ဖွင့်လှစ်ခဲ့သည်။ အဆိုပါ နယ်လှည့် အဖွဲ့ငယ်များသည် ၂၀၀၂ခုနှစ်မှစတင်၍ ပြည်နယ်၊ တိုင်း ၁၆ခု၊ ခရိုင် ၂၇ခုနှင့် မြို့နယ်၁၃၉ မြို့နယ်တို့တွင် အသိပညာပေးသင်တန်းများ ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာတွင် မြို့ပြဒေသများသာမက ဝေးလံဒေသနှင့် နယ်စပ်ဒေသများရှိ ပြည်သူများကိုပါ အသိပညာဖြန့်ဖြူးနိုင်ခဲ့သည်။

မြန်မာနိုင်ငံရှိ အမျိုးသမီးဦးရေသည် နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ရှိ၍၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးသည် အနာဂတ်နိုင်ငံတော်ကြီး၏ အင်အားတစ်ရပ်ဖြစ်သည်။ ၁၉၉၅ ခုနှစ် ပေကျင်းကြေညာစာတမ်းနှင့်အညီ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် စတင်ဖွဲ့စည်းသည်။ ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီကို ၁၉၉၆ ခုနှစ် အောက်တိုဘာလ ၇ရက်နေ့တွင်လည်းကောင်း၊ လူမှောင်ခိုကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီကို ၂၀၀၂ခုနှစ် ဇူလိုင်လ ၁၇ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ **"မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး"** ကို အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် ဌာနကြီးခြောက်ခုနှင့် လုပ်ငန်းအဖွဲ့ခြောက်ဖွဲ့ ဖွဲ့စည်းကာ ပြည်နယ်၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်၊ ကျေးရွာအဆင့် အမျိုးသမီးရေးရာအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်းပြီး အဖွဲ့ဝင် ၂ ဒသမ ၆သန်းကျော်ဖြင့် မြန်မာတစ်နိုင်ငံလုံးအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက် ရှိပေသည်။

"လူကုန်ကူးမှု"သည် မြန်မာ့လူ့ဘောင်နှင့် အာဆီယံနိုင်ငံများက လက်မခံနိုင်သော ပြဿနာတစ်ရပ်ဖြစ်သည်။ မြန်မာလူမျိုးတို့ တန်ဖိုးထား စောင့်ရှောက်အပ်သော အမျိုးအနွယ်ဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်ပျက်စီးစေသဖြင့် မြန်မာနိုင်ငံတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် လူမှောင်ခိုကူးမှုနှင့် ပတ်သက်၍ အဓိကဆက်သွယ် ဆောင်ရွက်ရသော ဌာနဖြစ်သည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ လုပ်ငန်းအဖွဲ့ သုံးဖွဲ့၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်တို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

၂၀၀၂ခုနှစ် ဇူလိုင်လမှ ၂၀၀၆ခုနှစ် ဇွန်လအတွင်း လူကုန်ကူးမှု ၇၄၈မှုကို ဖော်ထုတ်ခဲ့ပြီး တရားခံ (ကျား) ၈၁၅ဦး၊ (မ) ၆၆၉ဦး စုစုပေါင်း ၁၄၈၄ဦးတို့ကို ဖမ်းဆီးအရေးယူကာ ထိုက်တန်သော ပြစ်ဒဏ်များ ချမှတ်ခဲ့ပြီး ဖြစ်သည်။ အဆိုပါကာလအတွင်း ပွဲစားများ၏ ဖြားယောင်းသွေးဆောင်ခြင်းခံရသည့် (ကျား)၁၉၀၄ ဦး၊ (မ) ၁၇၉၀ စုစုပေါင်း ၃၆၉၄ ဦးတို့အား အချိန်မီကယ်တင်နိုင်ခဲ့၍ မိဘအုပ်ထိန်းသူတို့ထံ စနစ်တကျ ပို့ဆောင်အပ်နှံနိုင်ခဲ့သည်။ နယ်စပ်ဒေသတွင် နေထိုင်သော ချို့တဲ့သူ (Vulnerable Person)များ လူကုန်ကူးမှုမခံရရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်း၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၃၄ကျောင်းကို ဖွင့်လှစ်ပြီးဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကလည်း ရန်ကုန်နှင့်မန္တလေးတို့တွင် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး ဌာနနှစ်ခုနှင့် အမျိုးသမီးကလေးသင်တန်းကျောင်း နှစ်ကျောင်း၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့် လားရှိုးတို့တွင် လူငယ်သင်တန်းကျောင်း ခြောက်ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

လူ့သက်တမ်း (Life expectancy) တိုးတက်ရှည်လျားလာမှုကြောင့် တစ်နေ့တခြား တိုးပွားလျက်ရှိသော သက်ကြီးရွယ်အိုများ အရေးသည် ကမ္ဘာ့နိုင်ငံများအတွက် ရတက်မအေးစရာ ဖြစ်ရ၏။ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတော်တော်များများတွင် သက်ကြီးရွယ်အို စောင့်ရှောက်ရေးအစီအစဉ်များကို နည်းလမ်းရှာလျက် ရှိကြသည်။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများသို့ ကိုရီးယားသမ္မတနိုင်ငံမှ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့တစ်ခုဖြစ်သော Help Aged Korea အဖွဲ့က အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ပူးပေါင်း၍**"အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးပုံစံ"** (Home Care for Older People) တစ်ခုကို ချပြခဲ့သည်။ အဆိုပါစောင့်ရှောက်ရေးလုပ်ငန်း အစီအစဉ် (Pilot Project Phase I)ကို ၂၀၀၃ ခုနှစ် ဧပြီလမှ ၂၀၀၆ ခုနှစ် မတ်လအတွင်း အာဆီယံ ၁၀ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၀၄ ခုနှစ် ဧပြီလမှစ၍ ရန်ကုန်တိုင်း အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

Home Care for Older People အစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ ဆင်းရဲနွမ်းပါးကာ အားငယ်ပြီး အထီးကျန်ဆန်သော ဘိုးဘွားများကို ကျန်းမာရေးနှင့်လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်မှုရှိစေရန် ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ အဆိုပါ အစီအစဉ်တွင် Volunteer စေတနာ့ဝန်ထမ်း သမားများအဖြစ် အစိုးရ

စာမျက်နှာ ၅ ကော်လံ ၁သို့

ရခိုင်ပြည်နယ် လေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်

နေပြည်တော် ဩဂုတ် ၉

ရခိုင်ပြည်နယ် လေဘေးသင့် အိမ်ထောင်စုများအတွက် တတိယအကြိမ် ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၅ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမ ခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ်တာဝန်ခံ ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကျော့ကျော့စံ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာန ဌာနကြီးမှူး ဒေါ်မြသီဂီ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များနှင့် လေဘေးသင့် အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ် တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကား ပြောကြားသည်။

ပေးအပ်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ရခိုင်ပြည်နယ်အတွင်းရှိ လေဘေးသင့် အိမ်ထောင်စုများအတွက် ဆန်အိတ် ၁၀၀၊ ဗလာစာအုပ်ဒါဇင် ၅၀၀၊ ကျား ဝတ်လုံချည် အထည်၁၀၀၀၊ မဝတ်လုံချည်အထည် ၁၀၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝတ်လုံချည်အထည် ၁၀၀ နှင့် လေဘေးအတွက် အခြားအဝတ်အထည်များကို လည်းကောင်း၊ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)က လှူဒါန်းငွေ ကျပ်သိန်း ၅၀ နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လှူဒါန်းငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)က လှူဒါန်းသော ငွေကျပ် ၁၀ သိန်းကို ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ကျော့ကျော့စံက ပေးအပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က လည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ် မီးသတ်တပ်ဖွဲ့တို့အတွက် လှူဒါန်းငွေ ကျပ် တစ်သိန်းစီကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာန ဌာနကြီးမှူး ဝန်ကြီး၏ဇနီး ဒေါ်မြသီဂီက ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ စေတနာရှင် ပြည်သူများက လှူဒါန်းသော အလှူငွေကျပ် ၅၄၅၀၀ ကို ပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သန်းထွန်းအောင်က လည်းကောင်း လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မောင်ရှိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိ ရပ်ဖများ၊ လေဘေးသင့် အိမ်ထောင်စုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားသည်။ အဆိုပါ အခမ်းအနားတွင် လှူဒါန်းခဲ့သော ထောက်ပံ့ပစ္စည်းနှင့် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၂၉၁သိန်း နှစ်သောင်း တစ်ထောင့်ငါးရာတိတိ ဖြစ်သည်။

ကြည့်ရှု

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် စစ်တွေမြို့ ပြည်နယ် ပြည်သူ့ ဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံတွင် အသုံးပြုရန်အတွက် ဒေပူးကုမ္ပဏီက လှူဒါန်းထားသော အထူးကြပ်မတ်ကုသခန်းရှိပစ္စည်းများ၊ ဓာတ်ခွဲခန်းရှိ ပစ္စည်းများနှင့် သွေးလှူဘဏ်ရှိ နေရောင်ခြည်သုံး ရေခဲသေတ္တာ၊ သွေး ပုလင်း သိုလှောင်ခန်းတို့ကို ကြည့်ရှုကြပြီး ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီး

ထိထိရောက်ရောက် ဆောင်ရွက် ပြည်သူများပူးပေါင်းပါဝင်ရေးပညာပေး

ရန်ကုန် ဩဂုတ် ၉

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ယမန်နေ့ နံနက် ၇နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်၌ ကျင်းပသည်။

မှာကြား

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တာဝန်ရှိသူများအား တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းရှိ ခရိုင်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု၊ ရောဂါကာကွယ်တားဆီးရေးနှင့် အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုနှင့် ရောဂါဖြစ်ပွားခြင်း ကျဆင်းလာမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က သက်ဆိုင်ရာဌာနများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက သွေးလွန်တုပ်ကွေး ကာကွယ်တားဆီးရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိသော်လည်း ပြည်သူများ ယခုထက်ပိုမို ပါဝင်ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း၊ ပြည်သူများ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်မှုရှိလာစေရန် အသိပညာပေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်ရန် လိုကြောင်း မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက်ရှိ ရာဇသင်္ကြန်(၁)လမ်း၊ (၂)လမ်းနှင့် ရာဇသင်္ကြန်လမ်းတို့၌ ပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများဖြစ်သည့် ရေနုတ်မြောင်းများရှင်းလင်းခြင်း၊ ဆေးဖျန်းခြင်း၊ နေအိမ်နှင့် မြေအောက်ရေနုတ်မြောင်းများအတွင်း ဆေးငွေ့မှုတ်ခြင်း၊ ရေစည်ရေကန်များအတွင်း ABATEဆေးခတ်ခြင်း၊ လောက်လမ်းစား ငါးများထည့်သွင်းမွေးမြူခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်ကျင့်သုံးရေး ပညာပေးသရုပ်ပြသခြင်း၊ အသိပညာပေး ပိုစတာများ ချိတ်ဆွဲခြင်း၊ ဟောပြောခြင်းနှင့် ခြင်ထောင်စိမ်ဆေးပြားဖြင့် ဆေးစိမ်ခြင်း သရုပ်ပြသနေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးအားပေးကြပြီး ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးသည်။

(သတင်းစဉ်)

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

ဌာနအမှုထမ်း၊ အရာထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တက္ကသိုလ်အငြိမ်းစား ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ရှေးဦးလေ့လာတွေ့ရှိမှုများအရ ငွေကုန်ကြေးကျသက်သာပြီး အလွန် အကျိုးရှိသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံသည် Korea-ASEAN ပူးပေါင်းအစီအစဉ်တစ်ခုဖြစ်သည့် Home Care for Older People, Pilot Project Phase II (2006-2009) တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုဓလေ့အရ သက်ကြီးရွယ်အိုများကို တန်ဖိုးထားစောင့်ရှောက်တတ်သည့် အစဉ်အလာများကြောင့် အခြားနိုင်ငံများထက် ပိုမိုအောင်မြင်ရန် အခွင့်အလမ်းကောင်းများ ရှိနေပေသည်။ ထို့အပြင် နိုင်ငံအနှံ့ဖြန့်ကြက်ဖွဲ့စည်းထားသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ကဲ့သို့သော လူမှုရေးစွမ်းအားစုကြီးများ ရှိနေသည်ဖြစ်ရာ အာဆီယံအဖွဲ့ကြီး၏ ရည်မှန်းချက်အတိုင်း အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေး အစီအစဉ်သည် နိုင်ငံအနှံ့ ဆောင်ရွက်ရန် အခက်အခဲရှိမည် မဟုတ်ပေ။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ အပစ်ပယ်ခံဘဝ မရောက်ရှိရေး၊ စိတ်ဓာတ်ရေးရာ မြင့်မားတက်ကြွရေး၊ လူ့ဘောင်အဖွဲ့အစည်းအတွင်း လူ့ဂုဏ်သိက္ခာပြည့်ပြည့်ဝဝဖြင့် တန်းတူရည်တူရပ်တည်နိုင်ရေးအတွက် ရပ်ရွာအခြေပြု စောင့်ရှောက်ခြင်းနှင့် သင်တန်းကျောင်းအခြေပြု စောင့်ရှောက်ခြင်း နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ မသန်စွမ်းဖြစ်မှုကြောင့် ပညာသင်ယူမှုအခွင့်အလမ်းနည်းပါးသူ ကလေးများ၏ ဘဝရပ်တည်မှုအတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မျက်မမြင်ကျောင်း ခုနစ်ကျောင်း၊ နားမကြားသော ကလေးများကျောင်း နှစ်ကျောင်း၊ မသန်စွမ်း သက်ငယ်သင်တန်းကျောင်းနှင့် သက်ကြီးကျောင်း နှစ်ကျောင်းကို အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဖွင့်လှစ်ထားသည်။

ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုအလိုက် စာပေပညာ သင်ကြားပေးခြင်း၊ အသက်မွေးမှုတစ်ခုပညာ ကိုယ်စီပါစေရန် လက်မှုပညာ၊ ရက်ကန်း၊ ကြိမ်ဝါးရက်လုပ်ခြင်း အတတ်ပညာ၊ အပ်ချုပ်၊ စာအုပ်ချုပ် အတတ်ပညာတို့ကို ၎င်းတို့၏ ဝါသနာဗီဇအရ သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။ မျက်မမြင်ကလေးများအတွက် အခြေခံသင်ရိုးမာတိကာကို မျက်မမြင် လက်စမ်းစာ (Braille)ဖြင့်လည်းကောင်း၊ နားမကြားကလေးများအတွက် လက်ဟန်ပြသင်္ကေတ ဘာသာစကား(Sign Language) ဖြင့် လည်းကောင်း မူလတန်းပညာများကို သင်ကြားပေးသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံ၌ **“လူတိုင်းအကျုံးဝင် ပညာရေး”** (Inclusive Education)ကို ဖော်ဆောင်လျက် ရှိသည်ဖြစ်ရာ ကိုယ်အင်္ဂါမသန်စွမ်းသော ကလေးများ၊ မျက်စိမမြင်သော ကလေးများ၊ နားမကြားသော ကလေးများသည် သန်စွမ်းသူများနည်းတူ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ကြားခွင့် ရရှိနေကြပြီဖြစ်သည်။

လူမှုရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသူများအနေဖြင့် အဆိုပါ လုပ်ငန်းများကို သိပ္ပံနည်းကျနှင့် စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် တွေ့ကြုံရမည့် လူမှုရေးပြဿနာများကို စနစ်တကျဖြေရှင်းဆောင်ရွက်တတ်ရန် လိုအပ်လှ၏။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လူမှုရေးပညာဘွဲ့လွန် ဒီပလိုမာသင်တန်း (Post Graduate Diploma of Social Work) ကို ရန်ကုန်တက္ကသိုလ်တွင် ၂၀၀၆ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့မှစ၍ ဖွင့်လှစ်ခဲ့သည်။ သင်တန်းတက်ရောက်ရန် လျှောက်ထားသူ ၄၇၉ ဦးအနက် ရွေးချယ်ခြင်းခံရသူ ၁၅၉ ဦးကို အဓိက ဘာသာကြီးလေးခုဖြစ်သော လူမှုဝန်ထမ်းလုပ်ငန်း(Social Work)၊ စိတ်ပညာ (Psychology)၊ ဥပဒေ (Law)၊ လုပ်ငန်းခွင် (Field Work) တို့ကို စာတွေ့လက်တွေ့ ၁၁ လကြာ ပို့ချပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ သင်တန်း၏ အကျိုးရလဒ်ကြောင့် ခေတ်ပညာတတ် ဘွဲ့လွန် လူမှုဝန်ထမ်းသမား ၁၀၉ ဦး ပေါ်ထွန်းခဲ့သည်။ အလားတူ ၂၀၀၇ခုနှစ် ဇွန်လဆန်းက စတင်ဖွင့်လှစ်သော ဒုတိယအကြိမ် သင်တန်းတွင်မူ တက်ရောက်ခွင့် လျှောက်ထားသူ ၄၇၀ အနက်မှ ရွေးချယ်ခြင်းခံရသူ ၁၂၅ဦး တက်ရောက်လျက်ရှိပေသည်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာလအတွင်းက စတုတ္ထအကြိမ် အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံ+၃ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မန္တလေးမြို့ ဆီဒိုးနားဟိုတယ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးတွင် အာဆီယံ+၃ နိုင်ငံများအတွင်း လူကုန်ကူးခံရသော ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေး၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေး၊ မိသားစုအတွင်း အကြမ်းဖက်မှု ကာကွယ်ရေး၊ မသန်စွမ်းသူများ ရပ်ရွာအတွင်း ပြန်လည်ထူထောင်ရေး၊ မဲခေါင်ဒေသအတွင်း အမျိုးသမီးနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ လူမှုအဖွဲ့အစည်းစောင့်ရှောက်ရေး၊ လူမှုရေးအတတ်ပညာနှင့် လူမှုရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကို အသေးစိတ် ဆွေးနွေးခဲ့ကြသည်မှာ ချမ်းမြေ့ကြည်နူးဖွယ်ကောင်းလှသည်။

အရှေ့တောင်အာရှနိုင်ငံများ၌ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံများတွင် သဘာဝသယံဇာတအရင်းအမြစ်များ၊ လူ၏လုပ်အားအရင်းအမြစ်များ ပေါကြွယ်ဝ၏။ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှားစသည့်နိုင်ငံများတွင်မူ အတတ်ပညာနှင့်ရင်းနှီးမြှုပ်နှံမှု စွမ်းပကားမြင့်မားကြ၏။ အဆိုပါအင်အားနှစ်ရပ်ပေါင်းစပ်မှုဖြင့် အာဆီယံဒေသသည် ကမ္ဘာပေါ်၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြင့်မားဆုံးအနေအထားသို့ ရောက်ရှိလာပေတော့မည်။ သို့ဖြစ်လျှင် ရေမြင့်ကြာတင့်ဆိုသကဲ့သို့ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကိုလည်း ဆတက်ထမ်းပိုးတိုး၍ ဖော်ဆောင်နိုင်မည်ဖြစ်သည်။

အာဆီယံသည် ကမ္ဘာ့အလယ်တွင် ကြွားကြွားဝင့်ဝင့်၊ ငွားငွားစွင့်စွင့် ပွင့်လန်းနေသော တော်ဝင်နန်းထိုက် ပန်းမကိုဋ်ဖြစ်သည်။ အရှေ့တောင်အာရှဒေသအကျိုးကို တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်နေသော အာဆီယံသည် အာရှတိုက်၏ နှလုံးသည်းပွတ်လည်းဖြစ်သည်။ အာဆီယံအသည်းနှလုံးကိုဖောက်၊ အာဆီယံဝတ်ရည်ကို သောက်သုံးလိုသောပျားပိတုန်းတို့အန္တရာယ်ကား ကြီးမားလှသည်။ အင်အားကြီးနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှု၊ ကြိုးကိုင်ခြယ်လှယ်မှုတို့ကို တစ်သွေးတည်း၊ တစ်သံတည်းသော အာဆီယံစိတ်ဓာတ်ဖြင့် ကြံ့ကြံ့ခံ တွန်းလှန်ကာကွယ်ကြရမည်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံအချင်းချင်း မိသားစုစိတ်ဓာတ်ရှိမှု၊ အပြန်အလှန်ရင်းနှီးချစ်ခင်မှု၊ နားလည်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အတွေ့အကြုံနှင့် အသိပညာဖလှယ်မှုတို့ဖြင့် မဝေးလှသောကာလတွင် အာဆီယံဒေသတစ်ခွင်လုံးတွင် ဖွံ့ဖြိုးတိုးတက်မှု အလှပန်းများ ဖူးပွင့်ဝေဆာတော့မည်မှာ မလွဲဧကန်ပင်ဖြစ်ပါသတည်း။ ။

ရေစကြိုနှင့်ပခုက္ကူမြို့ရှိ ရေဘေးသင့်ပြည်သူများ ထောက်ပံ့ရေးပစ္စည်းပေးအပ်ပွဲ ဝန်ကြီးဦးစိုးသာတက်ရောက်၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ်ပြီးအားပေးစကားပြောကြား

ပခုက္ကူတက္ကသိုလ်တွင် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများအားတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၆ ရက် နံနက်ပိုင်းက ရေစကြိုမြို့ ဂူကြီးဘုန်းတော်ကြီးကျောင်းတိုက်အတွင်း၌ ကျင်းပသည့် ရေဘေးသင့် ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲသို့ သွားရောက်ကာ ထောက်ပံ့ရေးပစ္စည်းများပေးအပ်ပြီး အားပေးစကား ပြောကြားသည်။ အဆိုပါ အခမ်းအနားတွင် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ငါးသိန်း ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ပခုက္ကူမြို့ စက်မှုဇုန်သို့ သွားရောက်ပြီး စက်မှု လက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် အစီအမံများနှင့် ပခုက္ကူစက်မှုဇုန်၏ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်ရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပခုက္ကူစက်မှုဇုန်တွင် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပခုက္ကူစက်မှုဇုန်မှ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ပံ့ပိုးကူညီမှာကြားပြီး ပခုက္ကူစက်မှုဇုန် လုပ်ငန်းရှင်များ၏ အသင်းဝင်အဆိုပြုလွှာ ၅၀၀ကိုအသင်းစည်းရုံးရေးမှူးက ပေးအပ်ရာ ဝန်ကြီးက လက်ခံသည်။

ယင်းနောက် ဗဟိုအလုပ် အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူမြို့ ဆင်လမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိရေဘေးကယ်ဆယ်ရေးစခန်းသို့သွားရောက်ပြီး ရေဘေးသင့် ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ကာ အားပေးစကားပြောကြားသည်။ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကလည်း ငွေကျပ် သုံးသိန်း ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူမြို့ ကုက္ကိုလှကျေးရွာ ရေဘေးကယ်ဆယ်ရေးစခန်းသို့သွားရောက်ပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ကာ ရေဘေးသင့် ပြည်သူများကို အားပေးစကား ပြောကြားသည်။ မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကလည်း ငွေကျပ် သုံးသိန်းထောက်ပံ့ပေးအပ်သည်။

တွေ့ဆုံ

မွန်းလွဲပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပခုက္ကူခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ပခုက္ကူခရိုင်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ ရေစကြို၊ ပေါက်၊ မြိုင်၊ ဆိပ်ဖြူနှင့် ပခုက္ကူမြို့နယ်အသင်းများမှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံပြီး အသင်းစည်းရုံးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ ပခုက္ကူတက္ကသိုလ်သို့ သွားရောက်ပြီး ပခုက္ကူတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ပညာရေးကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ သရုပ်ပြ၊ နည်းပြဆရာ၊ ဆရာမများအား တွေ့ဆုံပြီး အမှာစကား ပြောကြားသည်။ **(ဝဲပုံ)**

ယင်းနောက် ပခုက္ကူတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်တို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများကို ကျောင်းအုပ် ဆရာဆရာမကြီးများက အသီးသီးပေးအပ်ကြရာ ဝန်ကြီးက လက်ခံသည်။ **(သတင်းစဉ်)**

ရန်ကင်းပြည်သာယာ ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် အာယုဒါန ငွေကျပ်တစ်သိန်းကို မြိတ်မြို့ မြစ်ငယ်ရပ် ဒေါ်လှတင်အားရည်စူး၍ ဦးပုမိသားစုဖြစ်သော ဦးမြင့်လွင်-ဒေါ်လေးရှင်တို့က (သီတဂူ ကြာတစ်ပွင့်) ရွှေပြည်ဟိန်း ဆရာတော်ထံလှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၁၁၅)

အချောသပ်လုပ်ငန်းများ သေသပ်ကောင်းမွန်အောင် ဆောင်ရွက် ကတ္တရာကွန်ကရစ်ခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများပူးပေါင်းညှိနှိုင်း

ရန်ကုန် ဩဂုတ် ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၇ ရက် နံနက်က လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၆)က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် လှိုင်သာယာစက်မှုဇုန် အမှတ်(၅) လမ်းမကြီးမှ ဒလ-တွံတေး ကားလမ်းသို့ ဆက်သွယ်သည့်လမ်းဖောက်လုပ်ခြင်း စီမံကိန်းလုပ်ငန်းခွင်ရုံးသို့ ရောက်ရှိသည်။

မှာကြား

ယင်းနောက်ဝန်ကြီးအား စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ထွန်းက လမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလျာထားချက်များ သတ်မှတ်ချိန်အမီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းမှတစ်ဆင့် ဝန်ကြီးသည် ၅ မိုင် ၂ ဖာလုံ၌ သုံးလက်မအရွယ်ခွဲကျောက်ဖြင့် အခြေခံလွှာခင်းကြိတ် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ လမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဒဂုံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ရာ လမ်းဆောက်လုပ်ရေး အထူးစီမံကိန်းအဖွဲ့ (၁၆)က စက်ယန္တရားများနှင့် ဆောင်ရွက်လျက်ရှိသည့် ချဉ်းကပ်လမ်းလုပ်ငန်းကို လည်းကောင်း၊ စီမံကိန်းအထူးအဖွဲ့ (၁၅)က တံတားကြီးပေါ်၌ စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ် ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)**တာဝန်ခံ အင်ဂျင်နီယာမှူးများက လိုက်လံရှင်းလင်း ပြသကြသည်။

ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးအား စီမံကိန်းရှင်းလင်းဆောင်၌ ဒဂုံတံတားတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာမှူး ဦးတင့်လွင်က တံတားကြီး၏ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အချောသပ်လုပ်ငန်းများကို လက်ရာသေသပ်ကောင်းမွန်အောင်ဆောင်ရွက်ရန်၊ ကတ္တရာကွန်ကရစ် ခင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ခွင့်ပြုအလေးချိန် ၇၅ တန်

ဒဂုံတံတားသည် သံကူကွန်ကရစ်အာရ်စီဒီ ဘိုးပိုင်အုတ်မြစ်နှင့် ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အရှည်ပေ ၄၅၄၀ နှင့် ယာဉ်သွားလမ်း အကျယ် ၇၂ပေရှိသည့် ယာဉ်ခြောက်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် ၆ပေစီ နှစ်ဖက်ပါရှိပြီး ခွင့်ပြုအလေးချိန် ၇၅ တန်ဖြစ်သည်။ **(သတင်းစဉ်)**

ဗဟန်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်းနှစ်ပတ်လည် စည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက်နံနက် ၉ နာရီက အထက(၂)ဗဟန်း ကျောင်းအားကစားခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်မြင့်ကြည်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း ငွေစာရင်းရှင်းတမ်း ဖတ်ကြားအတည်ပြုခြင်းနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် အလုပ်အမှုဆောင်သစ် ရွေးချယ်အတည်ပြုသည်။

ဆုချီးမြှင့်

ဆက်လက်၍ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်း၌ ထူးချွန်စွာအောင်မြင်ကြသော ခြောက်ဘာသာဂုဏ်ထူးရှင်ငါးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၅၁ ဦး စုစုပေါင်းဂုဏ်ထူးရှင် ၁၇၀ တို့အား မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များက ဒိုင်းဆုများ ပေးအပ် ချီးမြှင့်သည်။ ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်က ဒိုင်းဆုများ ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရွှေသပြေ သစ်အခြေခံ စက်မှုလုပ်ငန်းစက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၈ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ရွှေသပြေ သစ်အခြေခံစက်မှုလုပ်ငန်းစက်ရုံသို့ရောက်ရှိလာရာ စက်ရုံ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းဝင်းက စက်ရုံ၏ ရှင်းလင်းဆောင်တွင် စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ တန်ဖိုးနည်းသစ်များနှင့် အထပ်သားများကို ခေတ်မီနည်းစနစ်အသုံးပြု၍ တာရှည်ခံသည့် တံခါးများ၊ ပရိဘောဂများ ထုတ်လုပ်နေမှု၊ ရေထိခံနိုင်သော ပစ္စည်းများဖြစ်အောင် ကြိုးပမ်းနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ထုတ်လုပ်သော ပစ္စည်းများသည် လူသုံးနည်းသစ်များဖြစ်၍ နှစ်ရှည်အသုံးပြုနိုင်ရေး၊ ခိုင်ခံ့ရေးအတွက် သုတေသနပြုလေ့လာကြံဆ၍ ဆောင်ရွက်သွားရေး၊ အရည်အသွေး သေသပ်ကောင်းမွန်ရေးတို့ကို အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့က စက်ရုံအတွင်းလှည့်လည်၍ အထပ်သားတံခါးများထုတ်လုပ်နေမှု၊ ကုလားထိုင်နှင့် စားပွဲများထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** အဆိုပါ လူသုံးနည်းသစ်ဖြင့် ပြုလုပ်သော တံခါးမကြီးများ၊ ပြတင်းတံခါးများ၊ ပရိဘောဂများသည် နေပြည်တော်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး ထာဝရဒါနနဝကမ္မ အလှူတော်အဖြစ် ကျောင်းတိုက် နာယကချုပ် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ) အရှင် သူမြတ် ထံ မိခင်ကြီး ဆရာမ ဒေါ်ရီရီ (အမှတ်-၆ အထပ မြောင်းမြ)အား ရည်စူး၍ ရန်ကုန်တိုင်း တာမွေမြို့နယ် ရွှေဥဒေါင်းလမ်း (က+ဂ) ၇ ရပ်ကွက်နေ ဖခင် ဦးဇော်ထွန်း (မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်) ဒိုင်လူကြီး၊ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်၊ မြောင်းမြမြို့နယ်အသင်း (အမှုဆောင်)၊ ကုန်သွယ်/လယ်ယာ(ငြိမ်း)၊ လူမှုထူးချွန် (တတိယအဆင့်) နှင့် သားသမီး မြေးများမိသားစုများက အလှူတော်ငွေ ကျပ်နှစ်သိန်းကို ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တိုက်ကြီးမြို့နယ် ရေလှောင်တမံနှင့် ရေကာတာများ စိုးရိမ်ရေမှတ်ဝန်းကျင်ရောက်ရှိ ဟင်္သာတခရိုင်အတွင်း ရေကြီးမှုကြောင့် စာသင်ကျောင်းအချို့ ခေတ္တပိတ်ထားပေးရ ကျောက်တန်းမြို့နယ်၌ အဆောက်အအုံအချို့ အမိုးလန်ပြိုကျပျက်စီး

နေပြည်တော် ဩဂုတ် ၉

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် တဘူးလှရေလှောင်တမံ၊ အဖျောက်ရေကာတာ၊ ခရမ်းရေကာတာ၊ သရက်ချောင်းရေကာတာနှင့် ခုနစ်ကျိုက်ရေကာတာတို့၌ ဩဂုတ် ၈ရက် နံနက်ပိုင်းတွင် ရေဝင်ရောက်မှုမှာ စိုးရိမ်ရေမှတ်ဝန်းကျင်၌ ရောက်ရှိနေကြောင်း၊ ဧရာဝတီနှင့် ငိုင်မြစ်ရေများလည်း မြင့်တက်နေမှုကြောင့် မြစ်ကမ်းဘေးရှိ ဂေါကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအချို့၌ ရေသုံးပေခန့် နစ်မြုပ်နေသဖြင့် မူလတန်းကျောင်းအချို့ ခေတ္တပိတ်ပေးထားရကြောင်း သိရှိရသည်။

ခေတ္တပိတ်ထားရ

ဧရာဝတီမြစ်ရေသည် ဩဂုတ် ၈ရက် ညနေ ၄နာရီတွင် ဧရာဝတီတိုင်း ဟင်္သာတမြို့၊ ဇလွန်မြို့၊ မြန်အောင်မြို့၊ ကြံခင်းမြို့နှင့် အင်္ဂပူမြို့တို့၌ မြင့်တက်လျက်ရှိကြောင်း၊ ရေများဝင်ရောက်မှုကြောင့် ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ကြံခင်းမြို့နယ်၊ အင်္ဂပူမြို့နယ်တို့မှ စာသင်ကျောင်းအချို့ကို ခေတ္တပိတ်ပေးထားရကြောင်း၊ ကြံခင်းမြို့နယ် အောင်မြေသိုင်းကျေးရွာ၌ ရေဝင်ရောက်မှုကြောင့် နစ်မြုပ်ခဲ့သော နေအိမ်များမှ အိမ်ထောင်စု၅၁စုတို့အားကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ လိုအပ်သည်များ ကူညီထောက်ပံ့ပေးလျက် ရှိကြောင်း သိရသည်။

ပြိုကျပျက်စီး

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ချောင်းဝကျေးရွာ၌ ဩဂုတ် ၈ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် နေအိမ် အလုံး၃၀ခန့်နှင့် ကျေးလက်ဆေးပေးခန်းတစ်ခုတို့ အမိုးများလန်ခြင်း၊ ပြိုကျပျက်စီးခြင်းများရှိခဲ့သဖြင့် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပေးခဲ့ကြောင်း၊ ထို့ပြင် ကျောက်တန်းမြို့ အလယ်ပိုင်းရပ်ကွက် မင်းကျောင်းလမ်းရှိ အလျား ၁၀ ပေ၊ အမြင့် ခုနစ်ပေခန့်ရှိ အုတ်တံတိုင်းတစ်ကွက်မှာ ရေတိုက်စားခံရပြီး ပြိုကျသွားခဲ့ကြောင်း၊ အုတ်တံတိုင်းပြိုကျမှုကြောင့် ကပ်လျက် ဈေးဆိုင်ခန်းနှစ်ခန်းလည်း ပျက်စီးသွားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ ခုနှစ် ဩဂုတ်လအတွက်

၁၂-၈-၂၀၀၇ ရက်နေ့ နှင့် ၂၆-၈-၂၀၀၇ ရက်နေ့

အသိအမြင်ဗဟုသုတရှိသူများက အာမခံစနစ်များထားရှိလာသဖြင့် မြန်မာ့အာမခံလုပ်ငန်းတွင် နှစ်စဉ်အာမခံပြုလုပ်သူတိုးပွားလာ

✻ ကျောဖုံးမှ

အာမခံထားမယ့်သူက အာမခံပရီမီယံကြေးကို အရင်ပေးသွင်းရမယ်။ ဒီလိုပေးသွင်းတဲ့အခါမှာ ကိုယ်ရမယ့် လျော်ကြေးထက် အဆပေါင်းများစွာ လျော့နည်းတဲ့ ငွေကြေးကိုပဲ ပေးသွင်းရတာပါ။ အတော်လေးနည်းတဲ့ ငွေပမာဏကိုပဲ ပေးသွင်းရတာမို့ ပေးသွင်းရသူမှာ အခက်အခဲမရှိနိုင်ပါဘူး" ဟု မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

"ဆုံးရှုံးပျက်စီးမှုတွေဖြစ်လာရင် ငွေကြေးနည်းလမ်းနဲ့ ကုစားမှုပေးတဲ့ စနစ်ပါပဲ။"

ဒေါက်တာမောင်မောင်သိန်း
အထွေထွေမန်နေဂျာ
မြန်မာ့အာမခံလုပ်ငန်း

သင်္ဘောသားအာမခံ

ဥပမာ သင်္ဘောသား အာမခံထားလျှင် ပရီမီယံကြေး ကျပ်၂၅၀၀၀ပေးသွင်းရမည်ဖြစ်ပြီး တစ်စုံတစ်ခုဖြစ်လျှင် အာမခံလျော်ကြေးကျပ်သိန်း၅၀အထိ လျော်ကြေးရနိုင်ရာ မိမိထားရှိသည့် ပရီမီယံကြေးထက် အဆများစွာ ရရှိနိုင်ကြောင်း သိရသည်။

အာမခံထားရှိသည့် အချိန်ကာလ သတ်မှတ်ချက်နှင့် ပတ်သက်၍လည်း "ပရီမီယံကြေးသွင်းထားသူတွေအတွက် တစ်နှစ်သက်တမ်းနဲ့ ခြောက်လသက်တမ်းအထိ ထားရှိလို့ရပါတယ်။ ကိုယ်ထားရှိတဲ့ သက်တမ်းကုန်ဆုံးသွားရင်လည်း နောက်ထပ် တစ်နှစ် သို့မဟုတ် ခြောက်လစီ ထပ်ပြီးထားရှိသွားနိုင်ပါတယ်"ဟု ဒေါက်တာမောင်မောင်သိန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထားရှိသင့်

ပြည်သူများအနေဖြင့် မည်သို့သော အာမခံမျိုး ထားသင့်သည်ဟူသော မေးခွန်းနှင့်ပတ်သက်၍လည်း "အဓိက နှစ်ခုရှိပါတယ်။ ဒါတွေကတော့ စီးပွားရေးလုပ်ငန်းပိုင်ဆိုင်သူတွေထားသင့်တဲ့ အာမခံနဲ့ သာမန်ပြည်သူတွေ ထားရှိသင့်တဲ့ အာမခံစနစ်တွေပါပဲ။ စီးပွားရေးလုပ်ငန်းပိုင်ဆိုင်သူတွေကတော့ အသက်အာမခံ၊ မီးအာမခံ၊ သဘာဝဘေးအန္တရာယ်အာမခံ၊ အလုပ်သမားလျော်ကြေး အာမခံနဲ့ ယာဉ်၊ စက်ယန္တရားနဲ့ ပတ်သက်တဲ့ အာမခံတွေပါ။ သာမန်ပြည်သူတွေအတွက်ကတော့ အသက်အာမခံ၊ အိုးအိမ်တွေအတွက် မီးအာမခံနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံတွေ ထားရှိသင့်ပါတယ်"ဟုလည်း ၎င်းက ဆက်လက်ရှင်းပြသည်။

လျော်ကြေးငွေပေးအပ်

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃) ရပ်ကွက် မီးလောင်မှုဖြစ်ပွားပြီးနောက် မီးအာမခံထားသူတစ်ဦးအား မြန်မာ့အာမခံ လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိန်းက လျော်ကြေးငွေများ ဤသို့ပေးအပ်ခဲ့သည်။

မီးအာမခံ

ဥပမာ မီးအာမခံအတွက် ကျပ်တစ်သိန်း အာမခံထားလျှင် ပရီမီယံကြေးမှာ ကျပ်၁၀၀ပေးသွင်းရမည်ဖြစ်ပြီး မီးလောင်ကျွမ်းမှု ကြုံတွေ့ခဲ့ရပါက အာမခံလျော်ကြေးငွေ ကျပ်တစ်သိန်း ရရှိနိုင်မည်ဖြစ်သည်။ ထို့အတူ ကျပ်ငါးသိန်း အာမခံထားလျှင် ပရီမီယံကြေး ကျပ်၅၀၀ခန့်သာ ပေးသွင်းရမည်ဖြစ်ပြီး ဆုံးရှုံးမှုဖြစ်ပေါ်ပါက ကျပ်ငါးသိန်းရရှိမည်ဖြစ်ရာ ပြည်သူများ ထားသင့်သည့် အာမခံစနစ်ပင်ဖြစ်သည်။

တစ်ဖန် ပြည်သူများအနေဖြင့် အာမခံထားရှိမှုအပေါ် နိမိတ်မကောင်းဟူသော အယူအဆနှင့်ပတ်သက်၍လည်း ဒေါက်တာမောင်မောင်သိန်းက " ဒါကတော့ ပြည်သူတွေရဲ့ လွဲမှားနေတဲ့ အယူအဆအဟောင်းတွေပါ။ အရင်နှစ်တွေက အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတို့မှာ ရှိခဲ့ဖူးကြတယ်။ အခု နောက်ပိုင်းမှာတော့ ပြည်သူတွေက အသိအမြင် ပိုကျယ်လာတာမို့ ပျောက်ကုန်ပါပြီ၊ တကယ်တမ်းက အာမခံထားရင် နိမိတ်ကောင်းတယ်လို့တောင် ပြောလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနှစ်မှာ တိုက်ခတ်ခဲ့တဲ့ လေမုန်တိုင်းတွေဟာ အာမခံထားတဲ့ အဆောက်အအုံတွေကို ရှောင်ကွင်းသွားလို့ပဲ ဖြစ်ပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အာမခံလျော်ကြေး

၂၀၀၅ခုနှစ်က မာလာမုန်တိုင်း ဝင်ရောက်တိုက်ခတ်သွားခဲ့သဖြင့် မီးအာမခံသာထားရှိသော စက်ရုံ၊ အလုပ်ရုံများ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်။ သို့သော်လည်း အချို့ရည်စက်ရုံတစ်ရုံနှင့် ဂျုံစက်ရုံတစ်ရုံတို့မှာ မုန်တိုင်းနှင့် ပတ်သက်၍ အာမခံထားရှိခဲ့ကြသဖြင့် အာမခံလျော်ကြေးငွေများစွာရရှိခဲ့ကြောင်းသိရသည်။

အာမခံလုပ်ငန်းအနေဖြင့် မုန်တိုင်းကြောင့် ပျက်စီးသွားသော အချိုရည်စက်ရုံအား အမေရိကန်ဒေါ်လာ တစ်သန်းခန့်နှင့် ဂျုံစက်ရုံတစ်ရုံအတွက် ငွေကျပ် ၁၀၆သန်းခန့် အာမခံလျော်ကြေးပေးခဲ့သဖြင့် ပျက်စီးဆုံးရှုံးသွားသော စီးပွားရေးလုပ်ငန်းများ အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ခဲ့ကြောင်း သိရသည်။

အသိအမြင်

ယခုအခါ မုန်တိုင်းဒဏ်နှင့်ပတ်သက်သည့် အာမခံထားမှု များပြားလာခဲ့ပြီး အသိအမြင် ဗဟုသုတရှိသူများက မိမိတို့အတွက် အာမခံစနစ်များ ထားရှိလာခဲ့သဖြင့် မြန်မာ့အာမခံလုပ်ငန်းတွင် နှစ်စဉ် အာမခံပြုလုပ်သူ အရေအတွက် တိုးတက်လာခဲ့သည်။

ထို့ကြောင့် ကြိုက်နှစ်သက်သည့် အာမခံအမျိုးအစားနှင့် ကြိုက်နှစ်သက်သည့် ငွေကြေးပမာဏကို ထားရှိနိုင်ကာ အသက်သာဆုံး ပရီမီယံနှုန်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် အာမခံအကာအကွယ်ပေးနေသည့် မြန်မာ့အာမခံလုပ်ငန်းသို့ သွားရောက်ကာ **"ဘဝနောင်ရေး စိတ်အေးမြဖို့ အာမခံကို ထားကြစို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူများအနေဖြင့် အာမခံစနစ်ကို ကျင့်သုံးသင့်ပါကြောင်း တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

10-8 (07) 1 8/10/07, 2:41 AM

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ဦးလီကွယ်ချင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

အဆိုပါ အစည်းအဝေးများ မစတင်မီ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များသည် အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဦးလီကွယ်ချင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးထွန်းရင်လောနှင့် ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၅၅ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရအစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးလီကွယ်ချင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီ ရှစ်ပါတီတို့၏ အကြံပြုချက်စာတမ်းများကို နိုင်ငံရေးပါတီအသီးသီးတို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးထွန်းရီ၊ ဦးအောင်ခင်၊ ဦးခေါင်ဒိုင်၊ ဦးစိန်ထွန်း၊ ဦးကျော်ရှိုး၊ ဦးစောစံရွှေ၊ ဦးယန်ကျင့်ကန်နှင့် ဦးညီပလုပ်တို့က ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ဦးမန်းတင်မောင်(ခ)ဦးမန်းမျိုးညွန့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလှည့်ကျသဘာပတိအဖြစ် ဦးမန်းတင်မောင်(ခေါ်)ဦးမန်းမျိုးညွန့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးလော်ဆင်ကွမ်းနှင့် ဦးကျော်ဟားရှဲတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိန်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိရှိန်တို့က ဆောင်ရွက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းပြည့် ဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးမန်းတင်မောင်(ခေါ်) ဦးမန်းမျိုးညွန့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြမည့်ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီ နှစ်ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၏ အကြံပြုချက်စာတမ်းများကို ယင်းနိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသက်ဝေ၊ ဦးသိန်းထွန်း၊ ဦးစံသာအောင်၊ ဦးအောင်သိန်း၊ ဦးလှစိုးနှင့် ဦးသိမ်းကြည်တို့က ဖတ်ကြားတင်ပြကြသည်။

ယင်းနောက်အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူဝါဇတ်ဒေါင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကယားပြည်နယ်မှ ဦးကျော်ဒင် (ခေါ်) ဦးထေးရယ်၊ တနင်္သာရီတိုင်းမှ ဦးမောင်လု(ခေါ်) ဦးလှမြင့်နှင့် ရခိုင်ပြည်နယ်မှ ဦးအောင်ဇံဝေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ်အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၀ ဒသမ ၉၅ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူဝါဇတ်ဒေါင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို အစုအဖွဲ့ကိုယ်စားလှယ်များကိုယ်စား ကရင်ပြည်နယ်မှ ဦးသန်းဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒေါ်နန်းခင်မွေးတို့က ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက အကြံပြုချက်စာတမ်းနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များထံမှ သဘောတူညီချက်ရယူပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ဧရာဝတီတိုင်းမှ ဦးကြည်တင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ဧရာဝတီတိုင်းမှ ဦးကြည်တင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းမှ ဦးမြအေး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၅၁ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ဧရာဝတီတိုင်းမှ ဦးကြည်တင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ပဲခူးတိုင်းမှ ဦးသန်းရွှေက ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်သွင်းမည့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းအပေါ် အလှည့်ကျသဘာပတိက ဆန္ဒသဘောထား ရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းသည်။

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဦးဘိုသိန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာနှုန်းပြည့်ဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြား

ဆက်လက်၍ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ပဲခူးတိုင်းမှ ဦးလုံးနှင့် မကွေးတိုင်းမှ ဦးအောင်နေသန်းတို့က ဖတ်ကြားတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းအပေါ် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဖြည့်စွက် အကြံပြုဆွေးနွေးကြပြီး အလှည့်ကျသဘာပတိက ဆန္ဒသဘောထားရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိ မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဦးခင်ဇော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာ ဦးသိန်းဦး၊ဘိုးစောနှင့် ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးလုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြား

ရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၈၇ ဒသမ ၅၀ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

အဖွင့်အမှာစကား

ယင်းနောက် အလှည့်ကျသဘာပတိ ဦးခင်ဇော်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဒေါ်ခင်မာရီက ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းအပေါ် အလှည့်ကျသဘာပတိက ဆန္ဒသဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းသည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ဦးအောင်ခမ်းထိက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးပေါ်လိုက်ခမ်း၊ ဒေါက်တာ မနန်တူးဂျာ၊ ဦးစိုင်းအောင်ထွန်းနှင့် ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၃၂ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးအောင်ခမ်းထိက အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို အမျိုးသားညီလာခံ ကိုယ်စားလှယ် ဒေါက်တာ ဒေါ်တင်လင်းမြင့်က ဖတ်ကြား တင်ပြသည်။

ဆန္ဒရယူ

ယင်းနောက် အကြံပြုချက် စာတမ်းနှင့်စပ်လျဉ်း၍ သဘာပတိအဖွဲ့က သဘောထားဆန္ဒကို ရယူပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ဦးခင်ဇော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၈)၌ကျင်းပရာ အလှည့်ကျသဘာပတိ ဦးအောင်ခမ်းထိ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ညီလက်ညီ အောင်ပွဲဆီသို့

*** ညောင်နှစ်ပင် – သာတဲ့ ကွန်းမှာလ
နောင်အစဉ် – စာဖွဲ့ညွှန်းစေဖို့
ညီနောင်ရင်းဆွေတို့ – အသိအတွေးဖလှယ်ကာ
ပြည်ထောင်စုခန်းမမှာဖြင့် – စုဝေးညီလာ၊
ရှေ့လမ်းစဉ် ခုနစ်ရပ်၊ မူ ခြောက်ရပ် ဦးတည်ကာ
ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနဲ့
ချင်း၊ ကချင်၊ ကရင်၊ ကယား ရယ်တို့
သားမြေးစဉ် နောင်အစဉ်အေးစေဖို့
အခြေခံဥပဒေရေး ဆွေးနွေးကြရာ။**

*** ရေမြေအနေ ခြားသော်လည်း
ရေကိုသားလို့ အကြားမထင်သလို
ဘယ်သူပင် ဘယ်လိုခွဲစေတော့
တွဲလက်ကယ်ညီညီညာ – ခိုင်မာတဲ့ ဒို့နှလုံးသား၊
စိတ်ထားစေတနာမှန်တဲ့
အသိပညာရှင်နဲ့
အတတ်ပညာရှင်တို့
ပါဝင်ကာ အားဖြည့်စွမ်းလို့ရယ်
ကြိုးပမ်းညီညီညာမို့
ဒို့ပန်းတိုင် ပိုင်ပိုင်ရောက်အောင်
တက်ညီညီ – လက်ရည်ဖွဲ့နဲ့
နွဲကြစို့လား။ ။**

မောင်စေတနာ(တွံတေး)

ဩဂုတ် ၉ ရက်က စင်ကာပူသမ္မတနိုင်ငံ၏ (၄၂)နှစ်မြောက် **နှစ်ပတ်လည် အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Robert Chua နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- ***နိုင်ငံတကာ အာကာသယာဉ်စခန်းအား အပြီးသတ် ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ အင်ဒီဗာဗောရာ အာကာသဒုံးပျံယာဉ်အား ဩဂုတ်၈ရက်က လွှတ်တင်လိုက်သည်။ အဆိုပါ အာကာသယာဉ်သည် နာဆာအဖွဲ့မှ ယခုနှစ်အတွင်း လွှတ်တင်သည့် အာကာသခရီးစဉ် လေးခုအနက် ဒုတိယမြောက်ဖြစ်သည်။***

- *ချီလီနိုင်ငံ ဗယ်ပါရာစီဆိုမြို့မှ ၄၇ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြု၍ ဩဂုတ်၈ရက် နံနက် ၁၀နာရီ ၁၄မိနစ်က အင်အား ရစ်ချ်တာစကေး ၅ ရှိ မြေငလျင်လှုပ်သွားရာ ဗယ်ပါရာစီဆိုမြို့မှ အထပ်မြင့်အဆောက်အအုံများ ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း ချီလီမီဒီယာများက ဖော်ပြသည်။*

- ***ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သော လေဆိပ်အဖြစ် ရွေးချယ်ခြင်းခံရရာ ထိုသို့ရွေးချယ်ခံရမှုမှာ ခုနစ်နှစ်အတွင်း ခြောက်ကြိမ်မြောက် ဖြစ်ကြောင်း၊ အဆိုပါရွေးချယ်မှုမှာ ကမ္ဘာတစ်ဝန်းမှ လေကြောင်းခရီးသွားများ၏ ဆန္ဒမဲဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။***

- *ရုရှားနိုင်ငံက နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်တစ်စင်းအား ဩဂုတ် ၇ ရက်က စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ရုရှားစစ်ဘက်က သတင်း ထုတ်ပြန်သည်။*

- ***ဖိလစ်ပိုင်နိုင်ငံက အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်နှင့် နီဘာရာ စကာပြည်နယ်များမှ ကြက်၊ ဘဲနှင့် ၎င်းတို့အသားများတင်သွင်းမှုကို တားမြစ် ပိတ်ပင်လိုက်ကြောင်း ဖိလစ်ပိုင်မီဒီယာများက ဩဂုတ် ၈ ရက်၌ ဖော်ပြသည်။***

- *ကွန်ဂိုနိုင်ငံတွင် ငှက်ဖျားရောဂါတိုက်ဖျက်ရေး အစိတ်အပိုင်းတစ်ရပ် အဖြစ် ယူနီဆက်ဖ်က ခြင်ထောင်သုံးသိန်းဖြန့်ဝေပေးလျက်ရှိရာ ငှက်ဖျားရောဂါအဖြစ် အများဆုံးဒေသများမှ ပြည်သူ ၁၀ ရာခိုင်နှုန်းခန့် အဆိုပါ ခြင်ထောင်များရရှိမည်ဖြစ်ကြောင်း ကွန်ဂိုမီဒီယာများက ဖော်ပြသည်။*

- ***ဗီယက်နမ်နိုင်ငံတွင် ဩဂုတ် ၇ ရက်က ကြက်ငှက်တုပ်ကွေးရောဂါကြောင့် လူငယ်တစ်ဦးထပ်မံသေဆုံးသွားကြောင်း ဗီယက်နမ်အာဏာပိုင်များက သတင်းထုတ်ပြန်သည်။*** *(အင်တာနက်)*

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက်၊ လေးထောင့်ကန်လမ်းမ၊ မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက်အတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်း ခုနစ်ရက်တရားစခန်းပွဲကို ၁၃၆၉ခုနှစ် ဝါခေါင်လဆန်း ၂ရက်မှ ၉ ရက် (ဩဂုတ် ၁၅ ရက်မှ ၂၂ရက်)အထိ ယင်းတရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးစီးပဓာန နာယကဆရာတော် ရွှေမန်းဦးသူရိယ (အစိုးရဓမ္မာစရိယ) ပြည်တွင်းပြည်ပ သာသနာပြု၊ ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာကမ္မဋ္ဌာန စရိယ အရှင်သူမြတ်က ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါး အလုပ်ပေးတရားများ ဟောကြားမည်ဖြစ်သောကြောင့် တရားစခန်းဝင်လိုသူများ အချိန်မီစာရင်းပေးသွင်းနိုင်ရန်နှင့် စာရင်းပေးသွင်းပြီးသူများ ဩဂုတ် ၁၅ ရက်ညနေ ၅ နာရီအရောက် လာရမည်ဖြစ်ပြီး ဖုန်း–၅၄၅၄၁၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

သွေးနမူနာကိုစစ်ဆေးကြည့်ခြင်းဖြင့် အသည်းကင်ဆာဖြစ်ပွားမှု ကြိုတင်သိရှိနိုင်

လန်ဒန် ဩဂုတ် ၉

အာရှနှင့် အာဖရိကတို့တွင် အဓိက လူသတ်ရောဂါဖြစ်လာသော အသည်းကင်ဆာဖြစ်ပွားမှုအား သွေးနမူနာစစ်ဆေးခြင်းဖြင့် ကြိုတင်သိရှိနိုင်ကြောင်း ဗြိတိန်နိုင်ငံမှ သုတေသနပညာရှင်များက ဩဂုတ် ၉ ရက်၌ ပြောကြားလိုက်သည်။

ကြိုတင်သိရှိနိုင်

ခန္ဓာကိုယ်အတွင်းမှ သွေးကိုဓာတ်ခွဲစမ်းသပ်ကြည့်လျှင် သွေးအတွင်း၌ ပုံမှန်ပါဝင်ဖွဲ့စည်းထားသော ဓာတ်များထက် အပိုပါဝင်နေသော ဓာတ်ပစ္စည်းများကို တွေ့ရှိရလျှင် အသည်းကင်ဆာရောဂါနှင့်ပတ်သက်၍ ကြိုတင်သိရှိနိုင်မည်ဖြစ်သည်။

သေဆုံးလျက်ရှိ

အသည်းကင်ဆာကြောင့် အာရှနှင့် အာဖရိကတို့တွင် နှစ်စဉ် လူခုနစ်သိန်းနီးပါး သေဆုံးရလျက်ရှိကြောင်း သိရသည်။

သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရ

နေပြည်တော် ဩဂုတ် ၉

သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ရက် နံနက် ၇နာရီခွဲခန့်တွင် မြဝတီမြို့နယ် မင်းလက်ပံကျေးရွာမှ ဦးတင်အောင်၏သား ဦးဝင်းဌွေး အသက်(၄၂)နှစ်သည် မျှစ်ချိုးရန် တောတွင်းသို့သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ ဦးဝင်းဌွေး၏ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်အထက်မှပြတ်ကာ ညာဘက်ခြေဖဝါး ရှေ့ပိုင်းပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။

ပံ့ပိုးကူညီ

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့သည့် ဦးဝင်းဌွေးအား သက်ဆိုင်ရာတာဝန်ရှိသူများက မြဝတီမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကြကာ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဂျာမနီနိုင်ငံမြောက်ပိုင်း လူဘတ်စ်မြို့တွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့သဲရုပ်တုပွဲတော်တွင် ပါဝင်ပြသထားသည့် သဲပန်းပုရုပ်တုကို ဩဂုတ်၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဆီယံ အနှစ်(၄၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်

တရုတ်ဝန်ကြီးချုပ် သဝဏ်လွှာပေးပို့

ပေကျင်း ဩဂုတ် ၉

အာဆီယံအနှစ် (၄၀)ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်က အာဆီယံ၏ လက်ရှိဥက္ကဋ္ဌဖြစ်သော စင်ကာပူနိုင်ငံသို့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြောင်း သဝဏ်လွှာပေးပို့သည်။

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းထံပေးပို့သည့် သဝဏ်လွှာ၌ အာဆီယံထူထောင်သည့် အနှစ်(၄၀)ပြည့်မြောက်သည့် အခါသမယတွင် တရုတ်အစိုးရနှင့် တရုတ်ပြည်သူတို့ကိုယ်စား အာဆီယံအဖွဲ့ဝင်နိုင်ငံများအားကြိုဆိုကြောင်း ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

လွန်ခဲ့သည့် နှစ်ပေါင်း၄၀အတွင်းတွင် အာဆီယံသည် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ကာကွယ်ကာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို တွန်းအားပေးနိုင်သည့်အပြင် ယင်းနယ်ပယ်အားလုံးတွင် ကြီးမားသော အောင်မြင်မှုများကို ဖော်ဆောင်နိုင်ကြောင်း ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသည် အာဆီယံအပေါ် ယုံကြည်မှုရှိပြီး ၂၀၁၅ခုနှစ်အရောက်တွင် စီးပွားရေး၊ လုံခြုံရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်း ဖြစ်တည်လာရမည်ဟူသော ရည်မှန်းချက်ကို အာဆီယံကဖြည့်ဆည်းနိုင်မည်ဟုလည်း မျှော်လင့်ကြောင်း စသည်ဖြင့် တရုတ်ဝန်ကြီးချုပ်က ပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

အခိုးခံရသော ဒေါ်လာ၆၉သန်းတန် ပီကာဆို ပန်းချီကားနှစ်ချပ် ပြင်သစ်ရဲတပ်ဖွဲ့ ပြန်လည်ရှာဖွေတွေ့ရှိ

ပါရီ ဩဂုတ် ၉

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ နာမည်ကျော် ပန်းချီဆရာကြီး ပီကာဆို၏မြေးဖြစ်သူ နေအိမ်မှ ဖေဖော်ဝါရီလက အခိုးခံရသော ပီကာဆို ကိုယ်တိုင်ရေးဆွဲခဲ့သည့် ပန်းချီကားနှစ်ချပ်ကို ပြင်သစ် ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ သူခိုးများအားလည်း ဖမ်းဆီးထိန်းသိမ်းထားခဲ့ကြောင်း ပြင်သစ်နေ့စဉ်ထုတ်သတင်းစာ လီဗီဂါရိုက ဩဂုတ် ၇ရက်တွင် သတင်းထုတ်ပြန်သည်။

ဖော်ပြ

ပန်းချီကားများမှာ ပီကာဆို၏ သမီးဖြစ်သူ မာရာနှင့် ၎င်း၏ဒုတိယဇနီးဖြစ်သူ ဂျက်ကလင်းတို့၏ ပုံတူပန်းချီကားများဖြစ်ပြီး ယင်းပန်းချီကားနှစ်ကားချပ်၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ၆၉သန်း တန်ဖိုးရှိကြောင်း အဆိုပါသတင်းစာ၏ ဝက်ဘ်ဆိုက်၌ ဖော်ပြသည်။

ရဲတပ်ဖွဲ့က ပါရီမြို့ရှိ ပီကာဆို၏ပန်းချီကားများကို ရှာဖွေတွေ့ရှိပြီဟု အတည်ပြုပြောကြားသော်လည်း အသေးစိတ်ကို ပြောကြားခြင်းမရှိကြောင်း သိရသည်။

အမြင့်ဆုံး

ပန်းချီဆရာ ပီကာဆိုမှာ ၎င်း၏ဘဝကို ပြင်သစ်နိုင်ငံအတွင်း ကုန်လွန်စေခဲ့ပြီး ၁၉၇၃ခုနှစ်တွင် သေဆုံးသွားခဲ့သည်။ ယခုအချိန်တွင် ၎င်းရေးဆွဲခဲ့သည့် ပန်းချီကားများမှာ ကမ္ဘာ့ဈေးနှုန်း၏ အမြင့်ဆုံးနေရာတွင် ရှိနေကြောင်း သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်၌သေဆုံးသည့်ကန်တပ်ဖွဲ့ဝင်ပေါင်း၃၆၈၀ရှိသွားပြီ

ဘဂ္ဂဒက် ဩဂုတ် ၉

ဘဂ္ဂဒက်မြို့တော်အနီး လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဩဂုတ်၇ရက်တွင် ကြေညာသည်။

သေဆုံး

ဘဂ္ဂဒက်မြို့တောင်ဘက်တွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တန်းကို ဩဂုတ်၄ရက်က ဗုံးခွဲတိုက်ခိုက်သဖြင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်သုံးဦး သေဆုံးရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်တွင်ဖော်ပြပါရှိသည်။

၂၀၀၃ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားပြီးနောက်ပိုင်း အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်းမှာ ၃၆၈၀ရှိသွားပြီကြောင်း ဆင်ဟွာက ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ အလယ်ပိုင်း ဟီနန်ပြည်နယ်၌ လာမည့်နှစ်တွင် ကျင်းပမည့် ပေကျင်းအိုလံပစ်ပွဲတော်ကို ကြိုဆိုသည့်အနေဖြင့် ရေနွေးအိုး ဒီဇိုင်းသစ်များ ပြုလုပ်ထားသည်ကို ဩဂုတ်၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၌ ရေနုတ်မြောင်းများရှင်းလင်း

ဒါကာ ဩဂုတ် ၉

ဘင်္ဂလားဒေ့ရှ်အစိုးရသည်မြို့တော် ဒါကာရှိ ရေနုတ်မြောင်း ၂၆ခု တူးဖော်ပြင်ဆင်လျက်ရှိကြောင်း၊ ယင်းမှာ ရေနုတ်မြောင်း ပိတ်ဆို့မှုမှ ကာကွယ်ရန်ဖြစ်ပြီး ရေစီးရေလာ ကောင်းမွန်ရန်အတွက်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် သတင်းစာ သည်ဒေးလီးစတားက ဩဂုတ် ၇ ရက်၌ ဖော်ပြသည်။

မြို့တော် ဒါကာရှိ ပိတ်ဆို့နေသော ရေနုတ်မြောင်းများ၌ ယခုအခါ ရေစုပ်စက်ပေါင်း ၁၅၈ခုဖြင့် လုပ်ငန်းများ စတင် လုပ်ဆောင်နေပြီ ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ် အစိုးရအရာရှိ တစ်ဦးဖြစ်သူ အင်ဝါရူအီဘယ်လ်က ပြောကြားသည်။

ဖြည့်ဆည်း

ထို့အပြင် ရေလွှမ်းမိုးဒဏ် ခံရသော နယ်မြေများ၌ သောက်သုံးရေများရရှိရေးကိုလည်း ဖြည့်ဆည်းပေးလျက်ရှိပြီး အခြား ထောက်ပံ့ရေးပစ္စည်းများလည်း ဖြန့်ဖြူးပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒါကာမြို့ အရှေ့ဘက်ပိုင်း အရပ်များသည် ရေလွှမ်းမိုးဒဏ်ခံရလျက်ရှိပြီး ရေမှဖြစ်သောရောဂါများလည်းဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တူရကီ၌ ယာဉ်တိုက်မှု ဖြစ်ပွား

အန်ကာရာ ဩဂုတ် ၉

တူရကီနိုင်ငံအလယ်ပိုင်းအန်ကာရာမြို့တော်၏ အရှေ့ဘက်၃၂၅မိုင် အကွာရှိဆီဗက်စ်ပြည်နယ်တွင် ဩဂုတ်၆ရက်က မီနီဘတ်စ်ကားတစ်စီးနှင့် သစ်သီးများ တင်ဆောင်လာသော ထရပ်ကားတစ်စီးတို့ တိုက်မိရာ ၂၄ဦးသေဆုံးခဲ့ကြောင်း အစိုးရပိုင် အနာတိုလီယန်သတင်းဌာနကဩဂုတ်၇ရက်၌ သတင်းထုတ်ပြန်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

နှင်းမုန်တိုင်းတိုက်

အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေးရီးစ်မြို့တောင်ဘက် ဆန်ကာလို့စ် ဒီဘာရီလိုချီမြို့တွင် နှင်းမုန်တိုင်း တိုက်ခတ်သွားပြီးနောက် နှင်းထုများ ဖုံးလွှမ်းနေသည်ကို ဩဂုတ်၇ရက်က တွေ့ရစဉ်။

(အဆိုပါနှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ကျောင်းများနှင့် လေဆိပ်များအားလည်း ပိတ်ထားခဲ့ရကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်၌ သွားဘက်ဆိုင်ရာ ရောဂါခံစားရသူများပြား

ဟနွိုင်း ဩဂုတ် ၉

ဗီယက်နမ်နိုင်ငံ၌ လူဦးရေ၏ ၉၉ ဒသမ ၄ ရာခိုင်နှုန်းခန့်မှာ သွားရောဂါခံစားနေရကြောင်း ပြည်တွင်း သတင်းစာ တစ်စောင်ဖြစ်သည့် ပိုင်အိုးနီးယားသတင်းစာ၌ ဩဂုတ် ၆ရက်က ဖော်ပြသည်။

အသက်၁၈နှစ်အောက်လူဦးရေ၏ ၈၇ ဒသမ ၅ ရာခိုင်နှုန်း၊ အသက် ၃၃ နှစ်မှ ၄၄နှစ်အတွင်းရှိ လူဦးရေ၏ ၈၃ ဒသမ ၂ရာခိုင်နှုန်းနှင့် အသက်၄၅နှစ်နှင့်အထက်လူဦးရေ၏ ၈၉ ဒသမ ၉ ရာခိုင်နှုန်းတို့မှာ သွားပိုးစားရောဂါကို ခံစားနေရကြောင်း အဆိုပါသတင်းစာ၌ ဆက်လက်ဖော်ပြသည်။

ပါဝင်

ဗီယက်နမ်၌ သွားရောဂါဖြစ်ပွားရသည့် အဓိက အကြောင်းရင်းများတွင် သောက်သုံးရေများတွင် ဖလိုရိုဒ်ဓာတ်များ လိုအပ်နေခြင်း ၊ သွားဘက်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနည်းပါးခြင်း၊ အချိုဓာတ်ပါသော အစားအသောက်များ လွန်ကဲစွာစားသုံးခြင်း၊ တောင်ကုန်းဒေသများနှင့်ဝေးလံခေါင်းပါးသောဒေသများတွင် ဆရာဝန်လုံလောက်စွာ မရှိခြင်းတို့ ပါဝင်ကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အမရပူရမြို့နယ် မဟာဂန္ဓာရုံတိုက်ရှိ သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၉

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အင်ကြင်းမြိုင်လမ်းနေ အလှူရှင် ဒေါက်တာသာရင်မြတ်–ဒေါ်နွယ်နွယ်အေး၊ သမီး ချောစုမြတ်မိသားစုတို့က မန္တလေးမြို့ အမရပူရမြို့နယ် မဟာဂန္ဓာရုံတိုက်တွင်ကျင်းပသော သတ္တမအကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူပွဲနှင့် နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၄ နာရီ၁၅ မိနစ်က အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်ကြည်ညို၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်သည်။

လောင်းလှူ

ရှေးဦးစွာတိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ မြို့တော်ဝန်နှင့် အလှူရှင် မိသားစုများ၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်အပါး ၁၄၅၀တို့အား အရုဏ်ဆွမ်းလောင်းလှူကြသည်။ ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အလှူရှင်မိသားစုတို့သည် ဆွမ်းစားဆောင်တွင် မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ် ဆရာတော်ကြီး ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသနှင့် နာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဆရာတော်၊ သံဃာတော်များ ဆွမ်းဘုဉ်းပေးနေမှုကို လှည့်လည်ကြည်ညိုကြသည်။

ထို့နောက် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို မဟာဂန္ဓာရုံတိုက်ရှိ ချောမြတ်နွယ်သုံးထပ်ကျောင်းတော်ကြီး၌ကျင်းပရာ မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ် ဆရာတော်ကြီး ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ အမှူးပြုသည့် နာယက ဆရာတော်ကြီးများ၊ အနုနာယက ဆရာတော်များ၊ စာချဆရာတော်များနှင့် စာသင်သံဃာတော်များ ကြွရောက်တော်မူကြသည်။

ရှစ်ပါးသီလ

အခမ်းအနားတွင် တိုင်းမှူးနှင့် ပရိသတ်တို့က မဟာဂန္ဓာရုံတိုက် မဟာနာယက နာယကချုပ် ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ဝါဆိုသင်္ကန်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မဟာဂန္ဓာရုံတိုက် မဟာနာယက နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ မြို့တော်ဝန်၊အလှူရှင်မိသားစုနှင့်တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာဂန္ဓာရုံတိုက် မဟာနာယက နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသက အနုမောဒနာနှင့် ရေစက်ချ တရားဟောကြား ချီးမြှင့်တော်မူရာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အလှူရှင် မိသားစု၊ ဧည့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ကပ်လှူပူဇော်

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ အလှူရှင် မိသားစုနှင့် ဧည့်သည်တော်များသည်မဟာနာယက၊ နာယက၊ အနုနာယက၊ စာသင်စာချ ဆရာတော်အပါး ၁၈၀တို့အား ဝါဆိုသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် နာယက၊ စာချစာသင် သံဃာတော်အပါး ၂၈၀၀တို့ကို အလှူရှင် ဒေါက်တာ သာရင်မြတ်–ဒေါ်နွယ်နွယ်အေး၊ သမီး ချောစုမြတ် မိသားစု၏ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်သည့် အလှူတော်မင်္ဂလာ အခမ်းအနားသို့ ရောက်ရှိကြသည်။

အဆိုပါ အလှူတော်မင်္ဂလာ အခမ်းအနားကို မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်ရှိ ဓမ္မမဟိဒ္ဓိ လေးထပ်ကျောင်းဆောင်ကြီး၌ မွန်းလွဲ ၂နာရီတွင် ကျင်းပရာ တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူအပေါင်းတို့က မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တရာဇဓမ္မာဘိဝံသ ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နာယက၊ စာချဆရာတော်ကြီးများ အမှူးပြုသည့်ဆရာတော်၊ သံဃာတော် အရှင်မြတ်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူပြီး တိုင်းမှူး **(အပေါ်ပုံ)**၊ မြို့တော်ဝန်၊ အလှူရှင်မိသားစုနှင့် တာဝန်ရှိသူများက မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ အမှူးပြုသော ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

လှူဒါန်းခဲ့

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မြို့တော်ဝန်နှင့် အလှူရှင် မိသားစုများ၊ တာဝန်ရှိသူများက အလှူတော်မင်္ဂလာမဏ္ဍပ်တွင် မစိုးရိမ်တိုက်သစ်မှ နာယက၊ စာချစာသင် သံဃာတော်အပါး ၂၈၀၀တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောင်ပင်လယ်စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အောင်ပင်လယ်စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် စာအောင်သံဃာပူဇော်ပွဲကို ဇူလိုင်၂၉ရက် (ဒုတိယဝါဆိုလပြည့်နေ့) နံနက်၉ နာရီက အဆိုပါကျောင်းတိုက်၌ကျင်းပရာ ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (မဟာဂန္ထဝါစကပဏ္ဍိတ)အမှူးရှိသော စာချစာသင် သံဃာတော်များအား ဂေါပကဥက္ကဋ္ဌ ဦးတင်စိန်နှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင် ဒါယကာ ဒါယိကာမများက ဝါဆိုသင်္ကန်းဆက်ကပ်ပြီး စာအောင်သံဃာများအား လှူဒါန်းပူဇော်ကြသည်။ ထိုနေ့ နေ့ဆွမ်းကို ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂) သံလွင်လမ်း အမှတ်၈၄/အေနေ ပန်းချီဦးမင်းဝေအောင်–ဒေါ်သန်းသန်းမော် သား မင်းမော်အောင်၊ ကောင်းမော်အောင် မိသားစုတို့က ဆက်ကပ်လှူဒါန်းကြသည်။ **(၁၉၂)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအ နောက် ဘက်) တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန် အတွက် ဧရာဝတီတိုင်းပုသိမ်မြို့ ဆေးရုံကြီးဝင်းနေ ဒေါက်တာစိုးနိုင် (တိုင်းဆေးရုံအုပ်ကြီး) ပုသိမ်ပြည်သူ့ဆေးရုံ၏ မွေးနေ့မင်္ဂလာအဖြစ် ဦးမောင်မောင်ငယ်၊ ဒေါက်တာစိုးနိုင်–ဒေါ်ချိုချိုမြင့်၊ သားကြီး ရဲရင့်ဖြိုး၊ သားငယ် ကျော်နန္ဒစိုး၊ တူမ ဝင်းဝင်းထွန်း မိသားစုနှင့် စေတနာရှင် ခုနစ်ရက်သားသမီးတစ်စုတို့က အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်–ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တ (ပဲခူး) ဖုန်း–၅၃၇၅၉၇ ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

အရှင်ဝိသုဒ္ဓရုံသီ၏ ယဉ်ကျေးလိမ္မာ တရားပွဲ

ရန်ကုန် ဩဂုတ် ၉

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသီဂီ ပျော်ဘွယ်ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသီဂီ ပျော်ဘွယ်ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ပြည်တွင်း ပြည်ပသာသနာပြု ဓမ္မကထိက ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် ရွှေပြည်သာမြို့သစ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူ လူငယ်များအား ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီခွဲတွင် နဝင်္ဂဥပုသ် သီလချီးမြှင့်ကာ လူငယ်ယဉ်ကျေးလိမ္မာတရားများ ဟောကြားမည်ဖြစ်သည်။ **(က–ပ)**

မဟာစန္ဒာရုံသိမ်ကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်မြို့ ဗဟန်း နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် အဆောင်မှူးဆရာတော် ဘဒ္ဒန္တ ပညာလင်္ကာရ ဦးစီးတည်ထောင်သော ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရပ် အမှတ် ၃ လမ်းဆုံအနီး မဟာစန္ဒာရုံ ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်အတွင်း တည်ဆောက်မည့် သိမ်ကျောင်းအတွက် ဇောတိကလမ်း ကျောက်မြောင်းတာမွေမြို့နယ်နေ မိုးကုတ်ယောဂီ ဒေါ်သန်းရှိန်မိသားစုက ဇူလိုင် ၂၈ရက်က ငွေကျပ်သိန်း ၄၀ ကို ဆရာတော်ထံ ရေစက်ချလှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အထက်ဖော်ပြပါရိပ်သာ၌ သာသနိကအဆောက်အအုံများ လှူဒါန်းလိုကြပါလျှင် ဆရာတော် ဖုန်း–၀၉–၅၁၂၅၄၅၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဘိုကလေးမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဩဂုတ် ၉

ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဝါခေါင်လဆန်း ၆ ရက် (ဩဂုတ် ၁၉ ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဘုရားကြီးဝင်းရှိ ဘိုကလေးမြို့နယ်အသင်း သိမ်ကျောင်း ဓမ္မာရုံကြီးတွင် စုပေါင်းကျင်းပလှူဒါန်းမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သား အသင်းဝင်မိသားစုများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဝါဆိုသင်္ကန်းကပ်လှူပွဲအတွက် သင်္ကန်းနှင့်ဆွမ်းစသော အခြားလှူဖွယ်ဝတ္ထုပစ္စည်းများကို ဦးတင့်ဇော်(ဥက္ကဋ္ဌ) ဖုန်း–၂၉၁၃၃၈၊ ဦးတင်မောင်မြင့် (အတွင်းရေးမှူး) ဖုန်း–၅၀၁၆၆၁ Ext: ၂၄၄၊ ဒေါ်မြင့်မြင့်စိန် (ဘဏ္ဍာရေးမှူး) ဖုန်း–၅၄၃၇၂၄၊ ဦးကျော်မြင့်(တွဲ/မှူး) ဖုန်း–၀၉–၉၉၇၃၉၆၄၊ ဦးသိန်းညွှန့် (တွဲ/မှူး) ဖုန်း–၆၈၂၈၂၂နှင့်အသင်းတိုက် ဖုန်း–၂၁၂၅၀၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဒလမြို့နယ် အတွင်းရှိ ၂၃ ရပ်ကွက်နှင့် ၂၃ ကျေးရွာရှိ စာသင်ကျောင်းတို့မှ ကျောင်းသားကျောင်းသူအတွက် တမိလ်စာပေနှင့် ယဉ်ကျေးမှုအသင်းကငွေကျပ် ၂၈သိန်း တန်ဖိုးရှိ စာအုပ်နှင့် စာရေးကိရိယာများ (၁၂) ကြိမ်မြောက် လှူဒါန်းပွဲကို ဩဂုတ် ၅ ရက်က မြို့နယ် ခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမောင်လှကြီးနှင့် အဖွဲ့ဝင်များ အလှူငွေလှူဒါန်းပြီးနောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။

(က–ပ)

မိုးကုတ်ဝိပဿနာ အထူးတရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ် (၂)ရပ်ကွက် သီတာလမ်း မြို့နယ်လုံးဆိုင်ရာ သာသနဟိတဓမ္မာရုံတော်မြတ်ကြီးတွင် ဝါတွင်းဝါပဥပုသ်နေ့တိုင်း နံနက် ၇ နာရီခွဲမှ ညနေ ၅နာရီအထိ မိုးကုတ်ဓမ္မကထိက ဆရာတော်များက ဟောကြားပြသလျက်ရှိသည်။ မည်သူမဆို တရားဓမ္မများနာယူမှတ်သား ပွားများအားထုတ်ကြရန် နှိုးဆော်ထားသည်။ အသေးစိတ်သိလိုပါက ဖုန်း – ၆၆၆၈၄၅ နှင့် ၆၆၁၀၅၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြည်နယ်/ တိုင်း ဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ယနေ့ယှဉ်ပြိုင်မည်

ယှဉ်ပြိုင်

အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းအသင်းနှင့် မကွေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

သတင်းနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၉

၂၀၀၇ခုနှစ် (၁၃)ကြိမ်မြောက် အသက်၁၈နှစ်နှင့်အောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲ (က)အုပ်စု ပထမပွဲစဉ်တွင် မန္တလေးတိုင်းအသင်းက ယမန်နှစ်ချန်ပီယံ မကွေးတိုင်းအသင်းကို ၂၅မှတ်-၂၃မှတ်၊ ၂၂မှတ်-၂၅မှတ်၊ ၂၅မှတ်-၁၉မှတ်၊ ၂၅မှတ်-၁၈မှတ် သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး အုပ်စုပထမအဖြစ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အကြိုဗိုလ်လုပွဲတက်

(က)အုပ်စု ဒုတိယပွဲစဉ်တွင် နာမည်ကြီး ရန်ကုန်တိုင်းအသင်းက ပဲခူးတိုင်းအသင်းကို ၂၅မှတ်-၇မှတ်၊ ၂၅မှတ်-၁၃မှတ်၊ ၂၅မှတ်-၉မှတ်ဖြင့် သုံးပွဲ ပွဲမရှိဖြင့် အနိုင်ရရှိပြီး ရန်ကုန်တိုင်းအသင်းသည် အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသား (ခ)အုပ်စုတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းသည် သုံးပွဲကစား သုံးပွဲနိုင် အုပ်စုပထမ ရရှိပြီး စစ်ကိုင်းတိုင်းအသင်းသည် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဩဂုတ် ၁၀ရက် **(ယနေ့)** နံနက် ၉နာရီမှစ၍ အကြိုဗိုလ်လုပွဲများကို ကျင်းပမည်ဖြစ်ရာ အမျိုးသားပြိုင်ပွဲတွင် (က)အုပ်စု ပထမရ မန္တလေးတိုင်းအသင်းနှင့် (ခ)အုပ်စုဒုတိယရ စစ်ကိုင်းတိုင်း၊ (ခ)အုပ်စုပထမ ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းနှင့် (က)အုပ်စု ဒုတိယ ရန်ကုန်တိုင်းအသင်း၊ အမျိုးသမီးအကြိုဗိုလ်လုပွဲအဖြစ် (က) အုပ်စုပထမ ဧရာဝတီတိုင်းနှင့် (ခ)အုပ်စု ဒုတိယ မန္တလေးတိုင်း၊ (ခ)အုပ်စုပထမ ကယားပြည်နယ်နှင့် (က)အုပ်စု ဒုတိယ မွန်ပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ဘော်လီဘောဝါသနာရှင်များအား သတင်းစကားပါးလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်(၂၂) ကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ပေါင်းလောင်းအားကစားကွင်း ညနေ ၄ နာရီ (ဂဂ)အုပ်စု

အားကစားဝန်ကြီးဌာနအသင်း ၅ - ၀ ပြန်ကြားရေးဝန်ကြီးဌာနအသင်း

အဆိုပါဘောလုံးပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်ကစားမည်

ဩဂုတ် ၁၀ရက် **(ယနေ့)** ညနေ ၄နာရီတွင် နေပြည်တော်ပျဉ်းမနားပေါင်းလောင်းအားကစားကွင်း၌ (ဃဃ)အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(က-ပ)**

ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဩဂုတ် ၉

မန္တလေး မစိုးရိမ်တိုက်များ၏ အဘိဓမ္မာ သာသနဟိတကာရီအသင်း၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ရန်ကုန်တိုင်းအတွင်းရှိ ၂၀၀၆ခုနှစ် မစိုးရိမ်အဘိဓမ္မာစာမေးပွဲ ထူးချွန်စွာ အောင်မြင်သူများအား ဆုချီးမြှင့်ပွဲကို ဩဂုတ်၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ကုန်သွယ်လယ်ယာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အာဆီယံ(ယူ- ၂၀)ဘောလုံးပြိုင်ပွဲ ဗီယက်နမ်က မလေးရှားကို အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၉

အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF) က ကြီးမှူးကျင်းပသည့် တတိယအကြိမ် အာဆီယံ(ယူ-၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ယနေ့ညပိုင်းက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ Thah Long Sports Complex ၌ ကျင်းပရာ အိမ်ရှင်ဗီယက်နမ်လူငယ်အသင်းက မလေးရှားလူငယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ **(မြန်မာ့အလင်း)**

ပေကျင်းအိုလံပစ်အမျိုးသမီး ဘောလုံးခြေစစ်ပွဲ မြန်မာအမျိုးသမီး ဘောလုံးဒိုင်လူကြီးတာဝန်ကျ

မြောက်ကိုရီးယားနိုင်ငံ၌ ဩဂုတ် ၁၂ရက်တွင် ကျင်းပမည့် ၂၀၀၈ ပေကျင်း အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည့် မြောက်ကိုရီးယားအမျိုးသမီးဘောလုံးအသင်းနှင့် ဟောင်ကောင်အမျိုးသမီးဘောလုံးအသင်းတို့၏ပွဲစဉ်၌ လက်ထောက်ဒိုင်လူကြီးအဖြစ် တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ အမျိုးသမီး ဘောလုံးဒိုင်လူကြီး ဒေါ်ကော့ဂျာ (ဟိုတယ်/ခရီး)အား အာရှဘောလုံးအဖွဲ့ချုပ် (AFC)မှ ရွေးချယ်တာဝန်ပေးအပ်ထားကြောင်း သိရသည်။

မြန်မာ့အလင်း
လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ကိုထွေး - စုစည်းတင်ပြသည်

ရန်ကုန် ဩဂုတ် ၉

ပဏ္ဏာမမြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း အာဆီယံချန်ပီယံရှစ် အကြိုခြေစမ်းပွဲများယှဉ်ပြိုင်

မြန်မာနိုင်ငံ ရန်ကုန်မြို့၌ လာမည့် စက်တင်ဘာလအတွင်း ကျင်းပမည့် အာဆီယံချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် အပြင်းအထန် လေ့ကျင့်လျက်ရှိသည့် ပဏ္ဏာမ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် ပြိုင်ပွဲအကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ဇူလိုင် ၂၈ရက်နှင့် ဩဂုတ် ၁ရက်တို့က ပဏ္ဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် မြန်မာ (ယူ-၁၉) အမျိုးသမီးဘောလုံးအသင်းတို့ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ပဏ္ဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက ပထမပွဲစဉ်၌ သုံးဂိုး-ဂိုးမရှိ၊ ဒုတိယပွဲစဉ်၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၄ ရက်က ပဏ္ဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် အား/ကာသိပ္ပံ(ယူ-၁၄) အမျိုးသားဘောလုံးအသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ အား/ကာသိပ္ပံ (ယူ-၁၄)အမျိုးသားဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပဏ္ဏာမမြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းကို အားကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဦးအေးကြူကြီး (ကာကွယ်ရေး)၊ လက်ထောက်နည်းပြအဖြစ် ဦးချစ်နိုင်(အား/ကာ ဦးစီးဌာန) တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အာဆီယံ(ယူ- ၂၀) ဘောလုံးပြိုင်ပွဲ တတိယလုပွဲယှဉ်ပြိုင်

အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF) က ကြီးမှူးကျင်းပသည့် တတိယအကြိမ်အာဆီယံအသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ Thah Long Sports Complex ၌ ကျင်းပရာထိုင်းလူငယ်အသင်းကမြန်မာလူငယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး တတိယဆုရရှိသွားသည်။

ပဏ္ဏာမမြန်မာ့လက်ရွေးစင်က ကမ္ဘောဇကိုနှစ်ဂိုးပြတ်နိုင် Royal Eleven အသင်းနှင့် ယနေ့ခြေစမ်းမည်

(၁၉)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသော ပဏ္ဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အပြီးသတ်ဆန်ခါတင် လူရွေးချယ်နိုင်ရေးအတွက် အဆင့်မြင့်တန်းမှ အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ဩဂုတ် ၈ရက် ညနေ၄နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပဏ္ဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းမှ ကမ္ဘောဇဘောလုံးအသင်းတို့ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ ပဏ္ဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။ ပဏ္ဏာမ မြန်မာ့လက်ရွေးစင်အသင်းအတွက် ပထမဂိုးကို ပထမပိုင်းတွင် ရန်ပိုင်ကလည်းကောင်း၊ ဒုတိယဂိုးကို ဒုတိယပိုင်းတွင် မျိုးမင်းထွန်းက လည်းကောင်း သွင်းယူပေးသည်။

ဩဂုတ်၁၀ရက်**(ယနေ့)**ည၆နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ပဏ္ဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းမှ Royal Eleven ဘောလုံးအသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပဏ္ဏာမ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို အားကစားသမား ၂၆ဦးဖြင့် ဖွဲ့စည်းထားရာ Royal Eleven အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားပြီးပါက အပြီးသတ်ဆန်ခါတင် အားကစားသမား ၁၈ဦးကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

မာဒေးကားဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲ မြန်မာစစ်တုရင်အဖွဲ့ဝင်ရောက်ယှဉ်ပြိုင်မည်

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည့် (၂၇)ကြိမ်မြောက် မာဒေးကားဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲ၌ မြန်မာစစ်တုရင်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ အသက်(၁၆)နှစ်အောက်ပြိုင်ပွဲနှင့် အလွတ်တန်းပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာစစ်တုရင်အဖွဲ့သည် အသက်(၁၆)နှစ်အောက်ပြိုင်ပွဲ၌သာ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မာဒေးကားဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲ၌ ကမ္ဘာ့စစ်တုရင်အင်အားကြီးနိုင်ငံများဖြစ်ကြသည့် ရုရှား၊ အမေရိကန်နှင့် တရုတ်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်မှ စစ်တုရင်အားကစားသမား ၁၀၀ ခန့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။

မာဒေးကားဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာစစ်တုရင်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးကြည်သိန်း၊ နည်းပြအဖြစ် ဦးဇော်ဝင်း၊ အားကစားသမားများအဖြစ် ညီလိုင်စိုး၊ ဖြိုးအောင်ကျော်၊ အောင်ပြည့်ဖြိုးဇော်နှင့် စိုးသက်ပိုင်တို့ ပါဝင်ကြသည်။

ဖူဆယ်ဘောလုံးဆပ်ကော်မတီဖွဲ့စည်း လေးပွင့်ဆိုင်ပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဖူဆယ်အားကစားနည်း ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဖူဆယ်ဘောလုံးဆပ်ကော်မတီ (အမျိုးသား၊ အမျိုးသမီး) ကို အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးလိုက်ပြီဖြစ်သည်။

ဖူဆယ်ဘောလုံးဆပ်ကော်မတီ (အမျိုးသား၊ အမျိုးသမီး)တွင် ဥက္ကဋ္ဌအဖြစ် ဦးရဲထွန်းတင်၊ အတွင်းရေးမှူး အဖြစ် ဦးကြည်မင်းသိန်း၊ ဘဏ္ဍာရေးမှူးအဖြစ် ဒေါ်မြတ်မြတ်ဦး၊ အဖွဲ့ဝင်များအဖြစ် ဦးအေးမောင်လေး၊ ဦးမောင်မောင်ဌေး၊ ဦးသက်နိုင်နှင့် ဒေါ်မိမိမော်တို့ ပါဝင်ကြသည်။

ပဏ္ဏာမ မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်ဘောလုံးအသင်း ဖွဲ့စည်းရန်အတွက် လေးပွင့်ဆိုင်ဖူဆယ်ဘောလုံးပြိုင်ပွဲ ကို ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်တိုင်း အလေးမ လူရွေးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ ရန်ကုန်တိုင်းအားကစားနှင့်ကာယပညာဦးစီးဌာန၏ ပံ့ပိုးကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းအလေးမအသင်းအောင်နိုင်ရေးအတွက် ရန်ကုန်တိုင်း အလေးမ လူရွေးပြိုင်ပွဲကို ဩဂုတ် ၁၁ ရက်တွင် ဘုရင့်နောင်လမ်းမကြီး လျှော်ရွှေးလျှော်ထုတ်စက်ရုံ (အလေးမလေ့ကျင့်ရေးရုံ)၌ကျင်းပမည်ဖြစ်သည်။

ရန်ကုန်တိုင်း အလေးမလူရွေးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ရန်ကုန်တိုင်း အလေးမဆပ်ကော်မတီ အတွင်းရေးမှူး ဒေါ်ဖြူဖြူသီ ဖုန်း-၆၈၃၅၇၈သို့ ဆက်သွယ်စာရင်းပေးသွင်း ယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

စီးရီးအေအသင်းကြီးများ၏ လှုပ်ရှားမှု

ရောမ ဩဂုတ် ၉

၂၀၀၇-၂၀၀၈စီးရီးအေဘောလုံးပြိုင်ပွဲ ဩဂုတ်လ ၂၆ရက်မှာ စတင်ပါတော့မယ်။ စီးရီးအေရဲ့ ဒီနှစ်ဘောလုံးရာသီကလည်း စိတ်ဝင်စားစရာကောင်းနေပြန်ပါတယ်။ နှစ်တိုင်းနဲ့ မတူတာကတော့ စီးရီးအေသမိုင်းမှတ်တမ်းတစ်လျှောက်မှာ ပြီးခဲ့တဲ့နှစ်က တစ်ကြိမ်ပဲတန်းဆင်းခဲ့ရဖူးတဲ့ ဂျူဗင်းတပ်စ်အသင်း တန်းပြန်တက်လာတာဖြစ်သလို စီးရီးအေဖလားကို အင်တာမီလန်လက်က ပြန်ယူမယ်ဆိုတဲ့ ကြွေးကြော်သံနဲ့ ဂျူဗင်းတပ်စ်ဟာ စီးရီးအေပြိုင်ပွဲကို တပ်လှန့်ထားလို့ပဲဖြစ်ပါတယ်။

ကာကွယ်နိုင်

ဒါကြောင့်မို့လို့ ဒီနှစ်မှာ အင်တာမီလန်၊ အေစီမီလန်၊ ဂျူဗင်းတပ်စ်နဲ့ ရိုးမားအသင်းတွေရဲ့ အားပြိုင်မှုဟာ အရင်နှစ်တွေကထက်ပိုပြီး ပြင်းထန်လာမှာ သေချာနေပါတယ်။ စီးရီးအေရဲ့ လက်ရှိချန်ပီယံ အင်တာမီလန်ဟာ ဒီနှစ်ဘောလုံးရာသီမှာတော့ ချန်ပီယံဖလားကို ကာကွယ်နိုင်တဲ့ ခြေစွမ်းမျိုးရှိနေပါတယ်။

စွမ်းရည်ရှိ

အင်တာမီလန်ဟာ နည်းစနစ်ပိုင်းနဲ့ ကစားသမားတွေရဲ့ စွမ်းရည်အပိုင်းတွေမှာ ကျန်ပြိုင်ဘက်အသင်းတွေထက်သာလွန်ပါတယ်။ အင်တာမီလန်ဟာ ရာသီအကြိုခြေစမ်းပွဲတွေ ရှစ်ပွဲကစားခဲ့တဲ့အခါ ပရီမီယာလိဂ်အသင်းတွေနဲ့ အဓိကယှဉ်ပြိုင်ကစားခဲ့ပြီး လက်ရှိခြေစွမ်းအနေအထားကို သုံးသပ်တဲ့အခါ ချန်ပီယံအဖြစ်ကာကွယ်နိုင်တဲ့ စွမ်းရည်ရှိကြောင်း ပြသနိုင်ခဲ့ပါတယ်။

အပြီးသတ်ပြင်ဆင်

အင်တာမီလန်က ပါတီဇန်ဘဲလ်ဂရိတ်၊ ဗလင်စီယာ၊ အာဆင်နယ်၊ မန်ယူ၊ အက်စတွန်ဗီလာအသင်းတွေနဲ့ ခြေစမ်းပွဲကစားခဲ့ပြီး ဖြစ်တာမို့ လိုအပ်ချက်ရှိတာတွေကို အပြီးသတ်ပြင်ဆင်နေပြီဖြစ်ပါတယ်။

ဒီလိုပါပဲ ချန်ပီယံလိဂ်ဖလားပိုင်ရှင် အေစီမီလန်ကလည်း ဒီနှစ်မှာ စီးရီးအေဖလားရယူဖို့ ပစ်မှတ်ထားနေပါတယ်။ ချန်ပီယံလိဂ်ဖလားကို ကာကွယ်မယ့်အပြင် စီးရီးအေဖလားကိုလည်းအရယူဖို့ ဆုံးဖြတ်ထားတဲ့ အေစီမီလန်ဟာ ရာသီအကြို ခြေစမ်းပွဲအဖြစ် မော်စကို ဖိတ်ခေါ်ပြိုင်ပွဲကို ဝင်ရောက်ဆင်နွှဲခဲ့ပါတယ်။

မော်စကို ဖိတ်ခေါ်ပြိုင်ပွဲမှာ အေစီမီလန်ဟာ လိုကိုမိုတစ်မော်စကို၊ ရီးရဲမက်ဒရစ်၊ ပီအက်စ်ဗွီအသင်းတွေနဲ့

အေစီမီလန်ကို စီးရီးအေဖလားရယူနိုင်အောင် ကာကာ စွမ်းဆောင်နိုင်ပါ့မလား။ (ဓာတ်ပုံ-အင်တာနက်)

ကစားခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုခြေစမ်းပွဲအဖြစ်နဲ့ ကစားခဲ့တဲ့အခါ အေစီမီလန်ရဲ့ ခြေစွမ်းက မနှစ်ကလိုပဲ တည်ငြိမ်နေဆဲဖြစ်ကြောင်း ပြိုင်ဘက်တွေကို ပြသနိုင်ခဲ့ပါတယ်။

အေစီမီလန်အသင်း တိုက်စစ်မှူး ကာကာကတော့ ဒီနှစ်ဟာ အေစီမီလန်အသင်းရဲ့ အောင်မြင်မှု နှစ်တစ်နှစ်ဖြစ်ပြီး အင်တာမီလန်လက်က စီးရီးအေဖလားကို သိမ်းပိုက်ဖို့အသင့်ဖြစ်နေပြီဖြစ်သလို ချန်ပီယံလိဂ် ဖလားကို ကာကွယ်ဖို့အတွက်လည်း အသင်းသားတွေရဲ့ ပြင်းပြတဲ့ စိတ်ဓာတ်တွေ အမြင့်ဆုံး ဖြစ်ပေါ်နေပြီလို့ ဆိုထားပါတယ်။

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဝင်ရောက်ယှဉ်ပြိုင်

အေစီမီလန်ဟာ ခြေစမ်းပွဲအဖြစ်သဘောထားပြီး ဩဂုတ် ၁၄ ရက်မှာ ကစားမယ့် တီအိုင်အမ်ဖိတ်ခေါ်ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပြီး အဲဒီပွဲမှာ အင်တာမီလန်နဲ့ ဂျူဗင်းတပ်စ် အသင်းတွေနဲ့ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဩဂုတ် ၁၇ ရက်မှာတော့ ဘာလူစကိုနီဖလားပွဲအဖြစ် ဂျူဗင်းတပ်စ်အသင်းနဲ့ ကစားပါလိမ့်မယ်။

စီစဉ်ထား

ဒီလို ခြေစမ်းပွဲသဘောမျိုးတွေ အများကြီးကစားပြီး စီးရီးအေပြိုင်ပွဲဝင်ဖို့ ပြင်ဆင်နေတဲ့ အေစီမီလန်ဟာ ပြိုင်ဘက်အသင်းတွေရဲ့ အနေအထားကို အကဲခတ်ပြီး လူသစ်ခေါ်ယူမှုတွေ အမြန်ဖြည့်ဆည်းဖို့အတွက်လည်း စီစဉ်ထားပါတယ်။

ခြေစမ်းပွဲ

ဒီနှစ် အတန်းပြန်တက်လာတဲ့ ဂျူဗင်းတပ်စ်ကတော့ ရာသီအကြိုခြေစမ်းပွဲတွေအဖြစ် ပရီမီယာလိဂ်ကို အတန်းတက်လာတဲ့ ဆန်းဒါးလန်းအသင်းနဲ့ကစားမှာဖြစ်သလို စီးရီးအေပြိုင်ဘက် ရိုးမားနဲ့လည်း ခြေစွမ်းပွဲကစားပါလိမ့်မယ်။ ဒါ့အပြင် ဘရာမိုရက်တီ ဖိတ်ခေါ်ဖလားပြိုင်ပွဲကို ဝင်ရောက်ကစားမှာဖြစ်ပြီး ဒီပွဲမှာ နာပိုလီ၊ အင်တာမီလန်အသင်းတွေနဲ့ ယှဉ်ပြိုင် ကစားမှာဖြစ်ပါတယ်။

စိတ်ဝင်စားစရာကောင်း

ဒါ့အပြင် ဂျူဗင်းတပ်စ်အသင်းဟာဩဂုတ်၁၄ရက်မှာ အင်တာမီလန်၊ အေစီမီလန်တို့ပါဝင်တဲ့ တီအိုင်အမ်ဖလားပြိုင်ပွဲကို ခြေစမ်းပွဲသဘောမျိုး ကစားပါလိမ့်မယ်။ ဒီပွဲဟာ စီးရီးအေထိပ်သီးတွေချည်းပဲ ကစားကြမှာမို့ စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

ခြေကုန်ထုတ်

ဂျူဗင်းတပ်စ် အသင်းအနေနဲ့ ဩဂုတ် ၁၇ ရက်မှာ အေစီမီလန်အသင်းနဲ့ ဘာလူစကိုနီဖလားလုပွဲကို နွှဲရဦးမှာ ဖြစ်တာမို့ ရာသီအကြို ခြေစမ်းပွဲတွေကလည်း ခြေကုန်ထုတ်မှုရမယ့် အခြေအနေ ရှိနေပြန်ပါတယ်။

ဒါကြောင့်မို့ စီးရီးအေဘောလုံးရာသီမစခင်မှာ ထိပ်သီးအသင်းကြီးတွေရဲ့ ကြိုတင်ပြင်ဆင်မှု ခြေစမ်းပွဲတွေကြောင့် အီတလီမြေက စီးရီးအေပြိုင်ပွဲကလည်း လှုပ်ရှားသက်ဝင်လို့ လာနေပြီ ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

မန်ယူနှင့် ရက်ဒင်း အဖွင့်ပွဲစဉ် ပေါလ်စခိုးလ် ပါဝင်ကစားနိုင်ဖွယ်ရှိ

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဩဂုတ် ၉

မန်ယူ ကွင်းလယ်ကစားသမား ပေါလ်စခိုးလ်သည် ဒဏ်ရာရထားရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ပရီမီယာလိဂ် အဖွင့်ပွဲ စဉ်များအမီ ပြန်လည်ကစားနိုင်မည် ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားလိုက်သည်။

ဒဏ်ရာရရှိ

အသက် ၃၂နှစ်ရှိ ပေါလ်စခိုးလ်သည် မန်ချက်စတာယူနိုက်တက် အာရှခရီးစဉ်အဖြစ် တောင်ကိုရီးယားနိုင်ငံသို့ သွားရောက် ကစားရာ အက်ဖ်စီဆိုးလ်အသင်းနှင့်ကစားစဉ် ဒူးခေါင်းတွင် ဒဏ်ရာရရှိခဲ့သည်။

ပါဝင်ကစားနိုင်

ယင်းဒဏ်ရာမှာ မျှော်လင့်ထားသည်ထက် လျင်မြန်စွာပျောက်ကင်း

မန်ယူကွင်းလယ်ကစားသမား ပေါလ်စခိုးလ်။

ခဲ့သဖြင့် ရက်ဒင်းနှင့် ကစားမည့် အဖွင့်ပွဲစဉ်တွင် ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း ၎င်းကလပ်က ပြောကြားလိုက်သည်။

ယခုအခါ ပေါလ်စခိုးလ်သည်အိုဝင်ဟားဂရေ့ဗ်၊ ရိုင်ယန်ဂစ်တို့နှင့်အတူ စတင်လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

မစ်ဒယ်ဘရော့တိုက်စစ်မှူး ယာကူဘူအား အဲဗာတန်က ခေါ်ယူရန်ကြိုးစားနေ

လန်ဒန် ဩဂုတ် ၉

မစ်ဒယ်ဘရော့တိုက်စစ်မှူး ယာကူဘူအား အဲဗာတန်က ပေါင် ၁၀သန်းဖြင့်ခေါ်ယူရန် ကမ်းလှမ်းလိုက်သည်။

အဲဗာတန်က ဂျိမ်းဘီတီကို ရှက်ဖီးအသင်းသို့ ရောင်းထုတ်လိုက်ပြီးနောက် တိုက်စစ်အတွက် ခေါ်ယူအားဖြည့်ရန် တိုက်စစ်မှူးအသစ် ရှာဖွေလျက်ရှိသည်။

နိုင်ဂျီးရီးယားကစားသမား ယာကူဘူအား အဲဗာတန်က ခေါ်ယူသွားရန် မစ်ဒယ်ဘရော့နှင့် ဆွေးနွေးလျက်ရှိသည်။

အဲဗာတန်နည်းပြ ဒေးဗစ်မိုရက်သည် ဘင်ဖီကာကစားသမား မာနုရယ်ဖာနန်ဒက်ကိုလည်း ပေါင်ရှစ်သန်းဖြင့်ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

မစ်ဒယ်ဘရော့တိုက်စစ်မှူး ယာကူဘူ။ (ဓာတ်ပုံ-အင်တာနက်)

မစ်ဒယ်ဘရော့အသင်းနည်းပြ ဂါးရက်ဆော့ဂိတ်က ယာကူဘူအား အသင်းတွင် အားကိုးရသူဖြစ်၍ ရောင်းချရန် တွန့်ဆုတ်နေသည်။

(အင်တာနက်)

ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ် ရာသီအကုန်၌ ဖလားကြီးများ ဆွတ်ခူးရန်ရည်ရွယ်

တိုက်ဂါးဝုဒ်

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်။ (ဓာတ်ပုံ-အင်တာနက်)

ဝါရှင်တန် ဩဂုတ် ၉

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် ယခုနှစ်အတွင်း အကောင်းဆုံးယှဉ်ပြိုင် ကစားပြီး ဖလားကြီးများ ရယူမည့် မျှော်လင့်ချက်နှင့်အတူ ဩဂုတ် ၈ရက်က ယူအက်စ်ပီဂျီအေပြိုင်ပွဲကို စတင်လိုက်သည်။

တိုက်ဂါးဝုဒ်သည် ယခုနှစ်အတွင်း ဖလားလေးလုံးဆွတ်ခူးထားသူဖြစ်သည်။ ၎င်းသည် မကြာမီက ဒဗလျူဂျီစီဘရစ်စတုန်း ဖိတ်ခေါ်ပြိုင်ပွဲတွင် ပူပူနွေးနွေး ဆုဖလားရရှိထားသည်။ သို့ရာတွင် ယခုအထိ အဓိက ဖလားတစ်လုံးမျှ ဆွတ်ခူးနိုင်ခြင်း မရှိသေးချေ။

တိုက်ဂါးဝုဒ်သည် ဂေါက်သီးကစားသမားဘဝ သက်တမ်းတစ်လျှောက်တွင် အဓိကဖလားကြီး ၁၂လုံး ဆွတ်ခူးထားပြီးဖြစ်သည်။ အဓိက ဖလား ၁၈လုံး ဆွတ်ခူးနိုင်ခဲ့သည့် ဂျက်နစ်ကလော့၏ နောက်မှ အမီလိုက်နေသည်။

ယူအက်စ်ပီဂျီအေပြိုင်ပွဲတွင် ဖလားဆွတ်ခူးရန် ကြိုးစားသွားမည်ဖြစ်ကြောင်း တိုက်ဂါးဝုဒ်က ပြောကြားသွားသည်။ **(အင်တာနက်)**

အင်တာနက် အားကစားသတင်း အတိုအထွာ

* စကော့တလန်အသင်းဖြစ်သော ရိန်းဂျားအသင်းသည် မွန်တီနီဂရိုးအသင်း ဇီတာကို ဩဂုတ် ၈ရက်က အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ချန်ပီယံလိဂ် တတိယအကျော့ ခြေစစ်ပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

* **ဘာစီလိုနာအသင်းနှင့် ဂျပန်ကလပ် ယိုကိုဟားမားအသင်းတို့ ဩဂုတ် ၈ ရက်က ယှဉ်ပြိုင်ကစားကြရာတွင် ဘာစီလိုနာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မက္ကဆီကို ဆယ်ကျော်သက်ကစားသမား ဂျော်ဗန်နီက သွင်းယူပေးခဲ့သည်။**

၂၀၀၇–၂၀၀၈ ပရီမီယာလိဂ် မာရသွန်ခရီးတာအထွက်

ပြေးလမ်းထိပ်၌ မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ်နှင့်လီဗာပူးတို့ အသင့်နေရာယူကြပြီ

စုစည်းတင်ပြသူ– မောင်မောင်မြင့်ဆွေ

လန်ဒန် ဩဂုတ် ၉

၂၀၀၇–၂၀၀၈ ပရီမီယာလိဂ် ဘောလုံးရာသီရဲ့ မာရသွန်ခရီးကြမ်းကို ဩဂုတ် ၁၁ရက်မှာ စတင်ပါတော့မယ်။ ပရီမီယာလိဂ်မာရသွန် ခရီးကြမ်းရဲ့ တာအထွက်ပြေးလမ်းမှာ ထိပ်ဆုံးက နေရာယူထားတဲ့ အသင်းတွေကတော့ မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ်နဲ့ လီဗာပူးအသင်းတို့ပဲ ဖြစ်ပါတယ်။

ပရီမီယာလိဂ် မာရသွန်ခရီးကြမ်းရဲ့ တာအထွက်ကောင်းဖို့နဲ့ ရှေ့ဆုံးက လွတ်လွတ်ကျွတ်ကျွတ် ပန်းဝင်နိုင်ဖို့အတွက် ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးတွေဟာ အခုနှစ် နွေရာသီတစ်ခုလုံးမှာ ဘောလုံးသမား အသစ်တွေ ဖြည့်ဆည်းကြ၊ ပိုလျှံနေတဲ့ကစားသမားတွေ ရောင်းထုတ်ကြ၊ အသင်းကနေပြီး ပြောင်းရွှေ့လိုတဲ့ ကစားသမားတွေကို ခွင့်ပြုကြနဲ့ လိုအပ်တဲ့ ပြင်ဆင်မှုတွေပြုလုပ်ပြီး မအားမလပ်အောင် အလုပ်ရှုပ်နေကြခဲ့ပါတယ်။

အခုအချိန်မှာတော့ ပြိုင်ပွဲဝင်ဖို့ အသင့်ဖြစ်နေကြသလို ပရီမီယာလိဂ် တာအထွက်မှာ အားလုံးအဆင်သင့် နေရာယူပြီးသားဖြစ်နေကြပါပြီ။ ဒီနှစ် ပရီမီယာလိဂ်ချန်ပီယံအဖြစ် ရေပန်းစားမှုမှာတော့ မန်ယူနဲ့အပြိုင် ချယ်လ်ဆီးတို့ပဲဖြစ်ပါတယ်။ အဲဒီနောက်မှာမှ အာဆင်နယ်နဲ့ လီဗာပူးတို့ အစဉ်လိုက် ရှိနေကြတာမို့ နှစ်စဉ်နှစ်တိုင်း ပရီမီယာလိဂ်ကို လွှမ်းမိုးလာကြတဲ့ ထိပ်တန်းအသင်းတွေရဲ့ အားပြိုင်မှုဟာ အရင်နှစ်တွေနဲ့ မတူအောင် ပရိသတ်တွေ ရင်ခုန်ခံစားကြရဦးမှာ သေချာနေပါတယ်။

ဒီနှစ်မှာ ထူးခြားတာကတော့ မန်ယူနဲ့ ချယ်လ်ဆီးတို့ပဲဖြစ်ပါတယ်။ မန်ယူဟာ ပြီးခဲ့တဲ့ ၂၀၀၆–၂၀၀၇ ဘောလုံးရာသီမှာ လူသစ်ဖြည့်ဆည်းမှုအနေနဲ့ ကွင်းလယ်

ကွင်းလယ်ကို အားပြုကစားမည့် မော်ရင်ဟို

ကစားသမား မိုက်ကယ်ကာရစ် တစ်ဦးတည်းကိုပဲ ခေါ်ယူအားဖြည့်ခဲ့တာ ဖြစ်ပေမယ့် ပရီမီယာလိဂ်ဖလားကို ရအောင်ယူသွားနိုင်ခဲ့ပါတယ်။

ချယ်လ်ဆီး

ချယ်လ်ဆီးကတော့ နာမည်ကြီး ကစားသမားတွေဖြစ်တဲ့ မိုက်ကယ်ဘောလက်နဲ့ ရှက်ဗ်ချင်ကိုတို့ကို ခေါ်ယူအားဖြည့်ပေမယ့် ပရီမီယာလိဂ်ဖလားကို မကာကွယ်နိုင်ဘဲ လက်လွှတ်ခဲ့ရပါတယ်။ ဒီနှစ်မှာတော့ မန်ယူဟာ ဘရာဇီးတိုက်စစ်မှူး အန်ဒါဆင်၊ ဟားဂရေဗ်နဲ့ နာနီတို့လို ကစားသမား အသစ်တွေခေါ်ယူခဲ့သလို ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အငှားချထားခဲ့တဲ့ လီမာတင်နဲ့ ခရစ်အီးဂဲလ်တို့ကိုပါ ပြန်ခေါ်ပြီး အားဖြည့်ထားပြီးဖြစ်ပါတယ်။

ဒီလိုလူသစ်တွေနဲ့ ရာသီအကြို ခြေစမ်းပွဲတွေမှာ ထည့်သုံးခဲ့တဲ့အခါ ကိုပါအမေရိကဖလား ပြိုင်ပွဲကြောင့် မပါနိုင်တဲ့ အန်ဒါဆင်ကလွဲပြီး လူသစ်တွေ ခြေစွမ်းပြနိုင်ခဲ့တာမို့ မန်ယူဟာ လက်ရှိချန်ပီယံဖလားကို ကာကွယ်နိုင်တဲ့ ခြေစွမ်းပိုင်ဆိုင်ထားတယ်ဆိုတာ ပြသနိုင်ခဲ့ပါတယ်။

တီဗက်ဇ်

အခုဆိုရင် အာဂျင်တီးနားနဲ့ ဝက်စ်ဟမ်းတိုက်စစ်မှူး တီဗက်ဇ်လည်း မန်ယူကိုရောက်ရှိလာပြီဖြစ်လို့ ရွှန်နေနဲ့ တီဗက်ဇ်တိုက်စစ်အတွဲရဲ့ ထက်မြက်မှုတွေက မန်ယူကို ဘယ်လောက်အထိ အကျိုးပြုမယ်ဆိုတာလည်း တွေ့မြင်ရပါတော့မယ်။

ဒါပေမယ့် ဩဂုတ် ၅ရက်က ကစားခဲ့တဲ့ မန်ယူနဲ့ ချယ်လ်ဆီးတို့ရဲ့ ကွန်မြူနတီဒိုင်းပြိုင်ပွဲမှာ မန်ယူရဲ့ ကစား

လူငယ်အားပြုမည့် အာစင်ဝင်းဂါး

ကွက်ဟာ ပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်မယ့် ခြေစွမ်းမျိုးတော့ မဟုတ်သေးပါဘူး။ ဒီပွဲမှာ လူသစ်နာနီကို ဒုတိယပိုင်းထည့်သုံးတဲ့အခါ ပရီမီယာလိဂ်မှာ အံဝင်ခွင်ကျ ဖြစ်ဖို့တော့ လိုပါသေးတယ်။ မန်ယူမှာ ဒီနှစ်ခြေစွမ်းတက်လာမယ့် ကစားသမားကတော့ အီဗရာပဲဖြစ်ပါတယ်။ နောက်တန်း ဘယ်အစွန်ခံစစ်မှူးအဖြစ် တာဝန်ကျေသလို တိုက်စစ်ကိုလည်း ရဲရဲဝံ့ဝံ့လိုက်ပါကစားနိုင်သူဖြစ်လာပါတယ်။ ဂိုးသမား ဗန်ဒါဆာ လက်စွမ်းပြမှုက အံ့သြစရာကောင်းပြီး ကွန်မြူနတီပြိုင်ပွဲမှာ ပယ်နယ်တီကာကွယ်နိုင်မှုတွေက မှင်သက်မိစရာဖြစ်အောင် ကောင်းနေတာမို့ မန်ယူကတော့ ပြိုင်ဘက်တွေကို နေရာလိုက်ကြိုက်သလို ယှဉ်ကြည့်လို့ရနေပြီလို့ ဖာဂူဆန်က ဆိုပါတယ်။

ဖာဂူဆန်ဟာ ဒီနှစ်မှာလည်း ၄း၄း၂ အခင်းအကျင်းနဲ့ ပွဲထွက်များမယ့် သဘောရှိနေပါတယ်။ ခြေစွမ်းထက်မြက်တဲ့ ဘောလုံးသမား လူငယ်တွေကို ပိုင်ဆိုင်ထားတဲ့ ဖာဂူဆန်ရဲ့ မန်ယူအသင်း တာအထွက်နဲ့ ပန်းအဝင်အခြေအနေကို မကြာခင် တွေ့မြင်ရပါတော့မယ်။

ဒီလိုပါပဲ မန်ယူနဲ့အပြိုင် ပရီမီယာလိဂ် ဖလားရယူဖို့ ရေပန်းစားနေတဲ့အသင်း ဖြစ်တဲ့ချယ်လ်ဆီးကတော့ ထူးခြားတဲ့ လူအပြောင်းအရွှေ့နဲ့ ခေါ်ယူမှုတွေကို သိပ်မလုပ်ခဲ့ပါဘူး။ မော်ရင်ဟိုဟာ ပြင်သစ်တောင်ပံတိုက်စစ်မှူး မာလူဒါကို ခေါ်ယူခဲ့တာဟာ အသင်းအတွက် အများကြီးအထောက်အကူပြုခဲ့တာကို တွေ့ခဲ့ရပါတယ်။

ပိုင်ဆိုင်ထား

ဩဂုတ် ၅ ရက်က ကစားခဲ့တဲ့ ကွန်မြူနတီဒိုင်းပြိုင်ပွဲမှာ ချယ်လ်ဆီးရဲ့ ကစားဟန်ကတော့ မနှစ်ကအတိုင်းပါပဲ။ ဒါပေမယ့် မာလူဒါ၊ ပီဇာရို၊ ဆစ်ဝဲလ်တို့ဟာ အသင်းနဲ့ အပေးအယူမျှအောင် ကစားနိုင်ကြတဲ့သူတွေမို့ လူသစ်တွေဆိုပေမယ့် ချယ်လ်ဆီးဟာ ထူးခြားတဲ့ ခြေစွမ်းမျိုးတွေ ပိုင်ဆိုင်ထားတဲ့ အသင်းဖြစ်နေပါတယ်။

ရှေ့တန်းတိုက်စစ်၊ ကွင်းလယ်နဲ့နောက်တန်းတွေမှာ အားဖြည့်မှုအနေနဲ့ တိုက်စစ်မှာ ပီဇာရို၊ ကွင်းလယ်မှာ ဆစ်ဝဲလ်နဲ့ ခံစစ်မှာ ဘင်ဟိန်းတို့ကို အားဖြည့်ခဲ့တာဟာ

မန်ယူမှ အသစ်ခေါ်ယူခဲ့သည့် နာနီ

မှန်ကန်တဲ့ လုပ်ရပ်ပါပဲ။ မန်ယူနဲ့ပြိုင်ခဲ့တဲ့ ကွန်မြူနတီဒိုင်းပြိုင်ပွဲမှာ ချယ်လ်ဆီးကစားကွက်ဟာ တည်ငြိမ်ပြီး အမှားအယွင်းလည်း နည်းပါတယ်။ မော်ရင်ဟိုအနေနဲ့ကတော့ ဒီပွဲဟာ သူ့အသင်း ဘာလိုအပ်နေတယ်ဆိုတာ သိလိုက်ရတဲ့ အတွက် အမြတ်ရရှိခဲ့တယ်လို့ ဆိုနေပါတယ်။

ချယ်လ်ဆီးတိုက်စစ်ဟာ ယခုထက် ပိုမိုကောင်းအောင်တော့လုပ်ဖို့ လိုနေသေးတယ်လို့ မော်ရင်ဟိုက ဆိုပါတယ်။ တိုက်စစ်မှူးတွေဟာ တစ်ဖက်အသင်းနောက်တန်းကို အခုထက်ပိုခြိမ်းခြောက်ဖို့ လိုအပ်နေပြီး အဆုံးသတ်ပိုင်နိုင်ဖို့ လိုအပ်နေသေးတယ်လို့ သူ့တပည့်တွေအပေါ် ဝေဖန်ထားပါတယ်။ ဒါပေမယ့်ချယ်လ်ဆီးအသင်းရဲ့ လက်ရှိခြေစွမ်းဟာ ပြိုင်ဘက်အသင်းတွေကို ခြိမ်းခြောက်နေဆဲဖြစ်ပါတယ်။

ချယ်လ်ဆီးရဲ့ကစားအားဟာ ကွင်းလယ်မှာ ရှိတာမို့ ဒီအပိုင်းကတော့ ဘယ်အသင်းမှ မမီပါဘူး။ ရှေ့၊ လယ်၊ နောက် တစ်ဦးချင်းမှာ ချယ်လ်ဆီးတို့က အတောင့်အတင်းဆုံးအသင်းဖြစ်တဲ့အတွက် လာမယ့်ဘောလုံးရာသီမှာတော့ မန်ယူကိုခြိမ်းခြောက်နိုင်ဆုံး အသင်းအဖြစ် ရပ်တည်နေတဲ့ အသင်းပဲ ဖြစ်ပါတယ်။

ပရီမီယာလိဂ်ရဲ့ ယခုနှစ် ဘောလုံးရာသီမှာ နာမည်ကြီးနေတဲ့နောက်အသင်းက အာဆင်နယ်အသင်းပဲ ဖြစ်ပါတယ်။ အွန်နရီနဲ့ ယွန်းဘတ်တို့လို နာမည်ကြီးဘောလုံးသမားတွေ

တိုက်စစ်အားဖြည့်ထားသည့် ဘင်နီတက်ဇ်

ထွက်ခွာသွားတာကြောင့် အာစင်ဝင်းဂါးဟာ ချာတိတ်တွေနဲ့ ဖြတ်သန်းရမယ့် အနေအထားပါပဲ။

ဒါ့အပြင် အာဆင်နယ်ဂိုးသမားကြီး လေးမန်းက လက်ရည်ကျလာပေမယ့် အယ်လ်မူနီယာနဲ့ ဖာဘီယန်စကီးတို့က ရှိနေပါတယ်။ အာဆင်နယ်ရဲ့ ခံစစ်မှာ ဂါးလက်စ်၊ ကိုလိုတိုရေး၊ ဆန်းဒရော့စ်၊ ဂျိုအန်ဂျောရူးတို့ ရှိနေလို့ စိတ်ချရပါတယ်။

အာဆင်နယ်အလယ်တန်းမှာ ဖာဘရီဂတ်စ်၊ဂီလ်ဘာတို နဲ့ အသက် ၁၉နှစ်သာရှိသေးတဲ့ ဒီနယ်လ်ဆင်တို့က အာဆင်နယ်ရဲ့ကွင်းလယ်ကို တာဝန်ယူကြပါလိမ့်မယ်။ ကွင်းလယ်အတွဲမှာတော့ ဖာဘရီဂတ်စ်နဲ့ ဂီလ်ဘာတိုတို့က အပေါ်အောက် လိုက်ပါကစားနိုင်တာမို့ အာဆင်နယ် အလယ်တန်းဟာ တန်းမီအဆင့်ရှိနေပါတယ်။ လူငယ်တွေမို့ တစ်ကွင်းလုံးကိုလည်း လိုက်ပြီးကွက်လပ်ဖြည့် ကစားနိုင်ကြသူတွေပါပဲ။

ပရီမီယာလိဂ် အသင်းတိုင်းဟာ နွေရာသီ ဘောလုံးသမား ဖြည့်ဆည်းမှုကို အစွမ်းကုန်ပြုလုပ်ခဲ့ကြလို့ တစ်သင်းမှ လျှော့တွက်လို့မရတဲ့ အနေအထားပါ။

အာဆင်နယ်ရဲ့ တိုက်စစ်ဟာ အွန်နရီ ဘာစီလိုနာကို ထွက်သွားပြီး နောက်ပိုင်းမှာ အသက်မဲ့သွားပြီလို့ ဝေဖန်ပြစ်တင်မှုတွေကို ချေဖျက်မယ့်သူတွေအဖြစ် အဒီဘာယော၊ ဗန်ပါစီ၊ ဒါဆေးလ်ဗားတို့အပြင် ဝေါကော့ဒ်လည်း ရှိနေတာကြောင့် အာစင်ဝင်းဂါးကတော့ လူငယ်တွေအားကိုးနဲ့ ရဲရဲတင်းတင်းပွဲထွက်လာမယ့် သဘောရှိပါတယ်။

အာဆင်နယ်ရဲ့ အမ်းမရိတ်ဖလားပွဲကို ဒီလူငယ်တွေနဲ့ပဲ ဖြတ်သန်းပြီး ဗိုလ်စွဲအောင် အာစင်ဝင်းဂါး လက်တွေ့ပြခဲ့ပြီးပါပြီ။ ဗလင်စီယာ၊ ပီအက်စ်ဗီနဲ့ အင်တာမီလန်တို့လို ထိပ်တန်းဘောလုံးအသင်းတွေကို အနိုင်ယူကျော်ဖြတ်ပြီး အမ်းမရိတ်ဖလားရယူခဲ့တာမို့ အာဆင်နယ်ကို လျှော့တွက်ရင်တော့ မှားသွားပါလိမ့်မယ်။ ဂီလ်ဘာတို ဆေးလ်ဗားကို ကပ္ပတိန်အဖြစ် တာဝန်ပေးမယ့် အာစင်ဝင်းဂါးကတော့ သူ့ချာတိတ်တွေကို ပရီမီယာလိဂ်မှာ

ချန်ပီယံသရဖူ ကာကွယ်မည့် ဖာဂူဆန်

ဒုတိယနေရာမလိုချင်ဘူးလို့ အပြတ်ပြောထားပြီး စိတ်ဓာတ်ခွန်အား အမြင့်ဆုံးရောက်အောင် တွန်းအားပေးလိုက်ပြီဖြစ်တာမို့ အာဆင်နယ်ဟာ ဒီနှစ်ပရီမီယာလိဂ်မှာတော့ စိတ်ဝင်စားစရာ ကောင်းတဲ့အသင်း ဖြစ်နေပြန်ပါတယ်။

ကြိုးကြာနီ

ပရီမီယာလိဂ်ဖလားအတွက် စတုတ္ထနေရာက ရေပန်းစားနေတဲ့ အသင်းကတော့ ဘင်နီတက်ဇ်ရဲ့ ကြိုးကြာနီအသင်းပဲဖြစ်ပါတယ်။ လီဗာပူးအသင်းကို လေးနှစ်တာကာလ တာဝန်ယူခဲ့တဲ့အချိန်မှာ ပရီမီယာလိဂ်ဖလားကို တစ်ကြိမ်မျှမရယူပေးနိုင်ခဲ့တဲ့အပြင် အနားတောင်မသီနိုင်တဲ့ အနေအထားမို့ ဒီနှစ်မှာ ပရီမီယာလိဂ်ဖလား ရယူရေးအတွက် အထူးအာရုံစိုက်မယ်လို့ ဘင်နီတက်ဇ်က ကြုံးဝါးထားပါတယ်။

လီဗာပူးဟာ ဒီနှစ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းက တိုက်စစ်မှူး တောရက်စ်ကို ဒေါ်လာ ၄၉ဒသမ ၃၅သန်းနဲ့ စံချိန်တင်ခေါ်ယူထားပြီး လီဗာပူးအသင်း ဂိုးသွင်းစွမ်းရည်ကျဆင်းမှုကို ချေဖျက်ဖို့ ကြိုးစားထားပြီဖြစ်ပါတယ်။

လီဗာပူးတိုက်စစ်

လီဗာပူးမှာ ဘာဘယ်လ်နဲ့ဗိုရိုနင်တို့ကိုလည်း တိုက်စစ်အတွက် ဖြည့်ဆည်းထားတာမို့ လီဗာပူးတိုက်စစ်ဟာ တောရက်စ်၊ ဘာဘယ်လ်၊ ဗိုရိုနင်၊ ပီတာခရော့ချ်၊ ဘီနာယောင်နဲ့ ဒါကောက်ချ်တို့ရှိနေပြီ ဖြစ်တာကြောင့် တိုက်စစ်အင်အားကတော့ အပြည့်အလျှံပါပဲ။

ကွင်းလယ်မှာ ဂျရတ်နဲ့ ကယူးဝဲလ်တို့က အားကိုးရတဲ့သူတွေဖြစ်ပြီး ကစားကွက်ကို ထိန်းချုပ်နိုင် ကြတာမို့ လီဗာပူးကွင်းလယ်ကတော့ အရင်အတိုင်းပဲ ရှိနေမှာပါ။ လီဗာပူးကို ဒီနှစ်အောင်မြင်မှုရရှိအောင် ဘင်နီတက်ဇ်ကတော့ တိုက်စစ်ကို အထူးအားဖြည့်ပြင်ဆင်ထားပြီး ဖြစ်လို့ ပရီမီယာလိဂ်ပြေးလမ်း တာအထွက်မှာ အသင့်အနေအထားဖြစ်နေပါပြီ။

ပြီးခဲ့တဲ့နှစ်ကထက် ဒီနှစ်ပရီမီယာလိဂ်ဟာ ပြိုင်ဆိုင်မှုတွေပြင်းထန်လာမှာ သေချာနေတာမို့ ဘယ်အသင်းဟာ ပရီမီယာလိဂ်ဖလား ရယူသွားနိုင်မယ်ဆိုတာ သေချာပေါက်ခန့်မှန်းဖို့ ခဲယဉ်းနေပါတယ်။ **ပရီမီယာလိဂ် အသင်းတိုင်းဟာ နွေရာသီ ဘောလုံးသမားဖြည့်ဆည်းမှုကို အစွမ်းကုန် ပြုလုပ်ခဲ့ကြလို့ တစ်သင်းမှ လျှော့တွက်လို့မရတဲ့အနေအထားပါ**ပဲ။ ဒီနှစ်မှ တန်းတက်လာတဲ့အသင်းတွေကလည်း ရည်မှန်းချက်ကြီးကြီး ထားနေကြတာမို့ ဒီနှစ်ပရီမီယာလိဂ်ပြိုင်ပွဲအစ ဩဂုတ်၁၁ရက်က နေပြီး ပရိသတ်တွေအတွက်ကတော့ ရင်ခုန်လှိုက်မောဖွယ်ရာ ပွဲစဉ်တွေကို ကြည့်ရှုခံစားကြရတော့မှာ ဖြစ်တဲ့အကြောင်း တင်ပြလိုက်ပါတယ်။ ။

(ကိုးကား–အင်တာနက်သတင်းများ)

အုတ်တွင်းမြို့နယ် ရေသိုးရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်

တောင်ငူ ဩဂုတ် ၅

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ဩဂုတ် ၃ရက် နံနက် ၈နာရီက တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ရေသိုးရေလှောင်တမံ၌ကျင်းပသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာနက ဦးစီးကျင်းပသည့် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကိုကိုဝင်းနှင့် အရာရှိ စစ်သည်မိသားစုဝင်များ၊ တိုင်းအတွင်းရေးမှူး ဦးဖေသိန်းနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

စိုက်ထည့်ပေး

ရှေးဦးစွာ ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာနတိုင်းဦးစီးမှူး ဦးစောအောင်ရဲထွဋ်လွင်က ငါးမျိုးစိုက်ထည့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် ရေသိုးရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်ပေးကြပြီး**(အပေါ်ပုံ)** တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တပ်မတော်သား မိသားစုဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ရေသိုးရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်ပေးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်သည့် အမျိုးအစားမှာ တိုင်းရင်းငါးမျိုးဖြစ်သည့် ငါးမြစ်ချင်းငါးမျိုးဖြစ်ပြီး စုစုပေါင်းသားပေါက်ကောင်ရေ နှစ်သိန်းကျော်ဖြစ်ကြောင်း သိရသည်။ **(၃၇၂)**

မြင့်မိုရ်စာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ်မျိုးစုံ လှူဒါန်း
ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဆောက်လုပ်ရေး ညောင်ရွှေ၌ ဆွေးနွေး

ညောင်ရွှေ ဩဂုတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင်ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ကန်ဒေါင့်မြင့်မိုရ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ စာကြည့်တိုက်ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာစာကြည့်တိုက် ကိုယ်ပိုင်အဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၇ရက် နံနက် ၁၀နာရီက အဆိုပါကျေးရွာ စာကြည့်တိုက်၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကျေးရွာဥက္ကဋ္ဌ ဦးသန်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲတွင် ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးညွန့်ရွှေက စာကြည့်တိုက် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ စာကြည့်တိုက်ကော်မတီဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်ချက်များကိုလည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးကြသည်။

လက်ခံယူ

ထို့နောက် ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးညွန့်ရွှေက ကန်ဒေါင့်ကျေးရွာ မြင့်မိုရ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်မျိုးစုံအုပ် ၇၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူး ဦးငွေသန်းက လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကွမ်းလုံခရိုင် ပြန်/ဆက် ဝန်ထမ်းများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ကွမ်းလုံ ဇူလိုင် ၁၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းမိသားစုများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၃ရက်ကခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်း၊ဒုတိယဦးစီးမှူး ဦးသိန်းအောင်၊ ဝန်ထမ်းများနှင့် မိသားစုများ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်းက အမှာစကားပြောကြားပြီး ဝန်ထမ်းမိသားစုများ တစ်ဦးချင်းသို့ ပညာသင်ထောက်ပံ့ကြေးနှင့် အမျိုးသမီးဝန်ထမ်းများအား ပဝါတစ်ထည်စီ ပေးအပ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မကွေးတိုင်း ဂန့်ဂေါခရိုင် ကျောက်ထုမြို့ရှိ ကျေးရွာများတွင် လက်နှိပ်တုံကင်ရေတွင်းများ ပုံမှန်သုံးစွဲနိုင်ရေးအတွက် ဇူလိုင်၆ရက်က တာဝန်ခံဦးဟန်မြင့်နှင့်အငယ်တန်းအင်ဂျင်နီယာ (၂) ဦးအောင်အောင်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (၂၇၃)

ပဲခူးတိုင်း မင်းလှ၌ သစ်ပင်များ စုပေါင်းစိုက်ပျိုး

မင်းလှ ဩဂုတ် ၃

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် မင်းလှမြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်၃၁ရက် နံနက် ၈နာရီက မင်းလှ-မိုးညိုကားလမ်း မိုင်တိုင်အမှတ်(၅/၁)သဲကောကျေးရွာတွင်ကျင်းပသည်။

စိုက်ပျိုးကြ

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဟန်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ ကျွန်းပင် ၁၀၀၀၊ ပျဉ်းကတိုးပင် ၃၀၀ နှင့် ပိတောက်ပင် ၂၀၀တို့ကို စိုက်ပျိုးပေးကြကြောင်း သိရသည်။**(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

လှိုင်းဘွဲ့မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်နှင့်ဝန်ထမ်းများ ရွှေဂွန်းစံပြကျေးရွာတွင် အနေးယာဉ်များ ကြံ့ခိုင်မှုရှိရေးနှင့်ယာဉ်စည်းကမ်း စနစ်တကျရှိရေးတို့ကို ဇူလိုင်၂၀ ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျန်းမာရေးပညာပေး ဆရာဖြစ်သင်တန်း ပျော်ဘွယ်၌ဖွင့်

ပျော်ဘွယ် ဩဂုတ် ၃

ပျော်ဘွယ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ကျန်းမာရေးပညာပေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၃၀ရက် နံနက် ၉နာရီက မြို့နယ် ပြည်သူ့ဆေးရုံခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းငွေ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မော်မော်သန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမောင်မောင်မင်းသိန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က အမှာစကားများပြောကြားကြပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(၂၅၀)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဒိုက်ဦး၌ ကျင်းပ

ဒိုက်ဦး ဇူလိုင် ၁၄

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီလူထုသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ရက် နံနက် ၇နာရီက ဒိုက်ဦး-မြစ်ကျိုးကားလမ်း၌ ကျင်းပသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးတောရယ်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစွန်ထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး တင့်နိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ကြည်ကြည်ဝေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ **(ယာပုံ)** ပါဝင်စိုက်ပျိုးကြသည်။ ယင်းသစ်ပင်စိုက်ပျိုးပွဲတွင် အပင်ပေါင်း ၁၀၀၀ကျော်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ၏ အစည်းအဝေးများ ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပ

ရန်ကုန် ဩဂုတ် ၉

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူဝါဇော်ဒေါင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ဩဂုတ် ၉ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသော မြန်မာ့ရိုးရာ တိုင်းရင်းဖြစ် ဝတ်စားဆင်ယင်မှုပြိုင်ပွဲကို ရန်ကုန်သမဝါယမဒီဂရီကောလိပ် ဥတ္တရဆောင်ခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

ဘဝနောင်ရေးစိတ်အေးဖို့ အာမခံကို ထားကြစို့

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၉

အာမခံထားရှိမှုစနစ်ကို ပြည်သူများ ဂဃနဏမသိကြ၊ သိရှိသူများကလည်း သေချာရေရာစွာ သိရှိကြခြင်းမဟုတ်။ အာမခံထားရှိမှုစနစ်၏ အကျိုးကျေးဇူးများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် မြန်မာ့အလင်းသတင်းအဖွဲ့က မြန်မာ့အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာဦးမောင်မောင်သိန်းနှင့် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့သည်။

အာမခံစနစ်

အာမခံစနစ်ဆိုသည်နှင့်ပတ်သက်၍ မေးမြန်းရာ ဒေါက်တာမောင်မောင်သိန်းက “အလွယ်ကူဆုံးပြောရရင်တော့ ဆုံးရှုံးပျက်စီးမှုတွေဖြစ်လာရင် ငွေကြေးနည်းလမ်းနဲ့ ကုစားမှုပေးတဲ့စနစ်ဖြစ်ပါတယ်။ အာမခံထားရင် အဲဒီအာမခံထားတဲ့အကြောင်းအရာပေါ် ဆုံးရှုံးပျက်စီးမှုတွေဖြစ်လာရင် ဆုံးရှုံးမှုပမာဏအလိုက် လျော်ကြေးပေးတဲ့စနစ်ဖြစ်ပါတယ်” ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အရေအတွက်ပိုများ

မြန်မာ့အာမခံလုပ်ငန်းက လက်ရှိ လက်ခံဆောင်ရွက်ပေးနေသော အာမခံလုပ်ငန်းပေါင်းမှာ ၄၅ မျိုးရှိရာ နိုင်ငံတကာ၌ ဆောင်ရွက်နေသော အာမခံလုပ်ငန်းကုမ္ပဏီများထက် အရေအတွက် ပိုများကြောင်းလည်း သိရသည်။

အာမခံထားရှိမှုနှင့် ပတ်သက်၍လည်း ဒေါက်တာမောင်မောင်သိန်းက “အာမခံထားမယ်ဆိုရင် ***စာမျက်နှာ ၇ ကော်လံ ၁*** ✻

NLD ပါတီသည် ပြည်ပနိုင်ငံကြီး အားကိုးဖြင့် တိုင်းပြည်နှင့်လူမျိုး ပျက်စီးရာပျက်စီးကြောင်းလုပ်ဆောင် လှိုင်သာယာ၊ ကြည့်မြင်တိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့မှ ပါတီဝင် ရှစ်ဦး စုပေါင်း နုတ်ထွက်

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးခင်မောင်ဝေ၊ ဦးတင်အေးတို့အပါအဝင် ငါးဦး၊ ကြည့်မြင်တိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဒေါ်ချစ်တင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးတင်ဌေးနှင့် ဒေါ်တင်ရီတို့သည် ဇူလိုင် ၉ ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့ နုတ်ထွက်ခဲ့ကြသည်။

လှိုင်သာယာမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီသည် ပြည်ပနိုင်ငံကြီးအားကိုးဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်းကို ရှေးရှုလုပ်ဆောင်လျက်ရှိသဖြင့် ၎င်းတို့အနေဖြင့် ဆက်လက်ပါဝင်ဆောင်ရွက်လိုခြင်းမရှိသောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**